


# CBCM Herald

cbcmosc@gmail.com

၀၉၅ ၁ ၅၂၅၀၈

စီဘီစီအမ် သတင်း

(၁)ရက်၊ ဩဂုတ်လ၊ ၂၀၁၆ ခုနှစ်။

အတွဲ(၁)၊ အမှတ်(၇)













အကြမ်းဖက်တိုက်ခိုက်မှုရှုတ်ချ စာ(၃)




ကမ္ဘာအရပ်ရပ်သို့သွား၍ဧဝံဂေလိတရားတော်ကိုဟောပြောကြလော့။
(မာကု ၁၆း၁၅)




**CBCM Herald (သတင်း)**

**နာယက**
ဆရာတော်ပီတာလွီစ်ကျာခူ

**အယ်ဒီတာချုပ်နှင့်ထုတ်ဝေသူ**
ဖာသာရ် လီအို နိန်းခန့်မန်

**ထုတ်ဝေခွင့်အမှတ်**
၀၁၇၂၅

**အယ်ဒီတာအဖွဲ့ဝင်များ**
ဖာသာရ် ဂျိမ်းဘရန်ဂျာ
ဖာသာရ်စောလောရင်းစ်
ဖာသာရ်ဝီလျံစိုး
ဖာသာရ် ဩဂုတ်စတင်းရွှေ
ဖာသာရ် ဘရန်မိုင်

**ဖြန့်ချီရေးတာဝန်ခံများ**
အာနားလွန်း၊ ကိုလန်ဘန်
သာသနာ(၁၆)ခုနှင့် သူတော်စင်ဂိုဏ်းများမှ
လူထုဆက်သွယ်ရေးတာဝန်ခံများ

**ဒီဇိုင်းဖွဲ့စည်းပုံ**
စစ္စတာရ်ဒေါမိနစ်ဖန်၊ ရှိုစ့်မေရီ

**ပုံနှိပ်တိုက်**
စိန်ဖေးဗီးယားပုံနှိပ်တိုက် (၀၀၂၆၂)
အမှတ်(၂၇)ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**CBCM Herald သတင်းစာရုံးခန်း**
မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများကျောင်း
လူထုဆက်သွယ်ရေးရုံးခန်း
၂၉၂(က)၊ ပြည်လမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း ၀၁ ၅၂၅၈၀၈
cbcmosc@gmail.com

**အတိုင်ပင်ခံများ**
CBCM အထွေထွေအတွင်းရေးမှူး၊
ငြိမ်းချမ်းရေးနှင့် တရားမျှတရေးကော်မရှင်၊
ကက်သလစ်ရှေ့နေများအဖွဲ့။

**ငွေလွှဲရန်**
ရိုးမဘဏ် နှင့် ကမ္ဘောဇဘဏ် မြေနီကုန်း၊ ရန်ကုန်။
နော်မြတ်နှင်းထွေး (၁၄/ဟသတ(နိုင်)၂၄၆၀၉၅
မဒမ်ဝိုက်လွန်း ၁၂/ဥကတ(နိုင်) ၁၅၇၃၃၂

# မိသားစုရေးရာ

C.B.C.M မိသားစုကော်မရှင် မိသားစု မဂ္ဂဇင်းထုတ်လိုပါ၍ အိမ်ထောင်သက် (၂၅)နှစ် နှင့် ကျော်လွန်သော ကက်သလစ် အိမ်ထောင်ရှင်များ မိမိတို့၏ မိသားစုဓါတ်ပုံနှင့် မိသားစုသမိုင်းအကျဉ်းချုပ် အနည်းငယ်ရေးသား ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံလိုပါသည်။ ရည်ရွယ်ချက်မှာ နောင်လာနောင်သား အိမ်ထောင်ရှင်များအတွက် ပုံသက်သေကောင်းဆောင်နိုင်ရန် ဖြစ်ပါသည်။

**ဘုန်းတော်ကြီးဗစ်တာ ဉာဏ်မြင့်**
**မြန်မာနိုင်ငံလုံးဆိုင်ရာ မိသားစုကော်မရှင်**
**၂၉၂(က)၊ပြည်လမ်း၊စမ်းချောင်း၊ရန်ကုန်။**
**ကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်**

# တံတားများတံတိုင်းမဖြစ်စေရေး

လူသား၏ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားတိုင်း၌ ဝတ်ပြုကိုးကွယ်ခြင်းရှိသည်။ ဝတ်ပြုကိုးကွယ်ခြင်း၏ အဓိက အနှစ်သာရမှာ ဘုရားနှင့်လူ ကူးလူးဆက်နွယ်ခြင်းဖြစ်သည်။ ဝတ်ပြုကိုးကွယ်ခြင်းအမှုတိုင်းတွင် လူသားသည် ဘုရားရှင်ထံချဉ်းကပ်ခြင်း ဖြစ်သလို၊ ဘုရားသခင်သည်လည်း လူသားထံဆင်းကြွလာသည်။ အပြစ်နှင့်စွန်းကွက်နေသော လူသားနှင့် အကြွင်းမဲ့သန့်ရှင်းသော ဘုရားရှင်ပေါင်းစပ်ရန် မလွယ်ကူပေ။ ထို့ကြောင့် ဝတ်ပြုကိုးကွယ်သည့် အခမ်းနားတိုင်းတွင် ရဟန်းဘုန်းတော်ကြီးတို့၏ အခန်းကဏ္ဍသည်အလွန်အရေးပါသည်။ရဟန်းဘုန်းတော်ကြီးများ၏အဓိက လုပ်ငန်းစဉ်မှာ လူနှင့်ဘုရား အကြားပေါင်းကူးတံတားအဖြစ် ဆက်သွယ် ပေးရန်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် လူသားများ၏အဖြစ်အနေကို သိနားလည်ကာစာနာနိုင်သူများဖြစ်ကြ ရမည်ဖြစ်သလို၊ ဘုရားသခင်၏ သန့်ရှင်းမြင့်မြတ်ခြင်း၌လည်း ပါဝင်နိုင်သူများဖြစ်ရမည်။

ဟေဗြဲဦး ဩဝါဒစာ၌ ဤကဲ့သို့ ရေးသားထားသည်။ "လူစုထဲမှ ရွေး ကောက်ခြင်းခံရသော ရဟန်းချုပ်မှန်သမျှသည် လူတို့၏ကိုယ်စား ဘုရားသခင်အား ဆည်းကပ်ရန် လည်းကောင်း၊ ပူဇော်သက္ကာများနှင့် အပြစ်ဖြေရာယဇ်များကို ဆက်သရန်လည်းကောင်း ခန့်အပ်ထားခြင်း ခံရ၏။ သူသည် မိမိကိုယ်တိုင်၌ပင် အားနည်းချက်အမျိုးမျိုးရှိသဖြင့် အသိပညာ ကင်းမဲ့သည့်ဆိုးသွမ်းသူ တို့အား ကြင်နာစွာ ဆက်ဆံနိုင်စွမ်းရှိလေ၏။ ဤအကြောင်းကြောင့် သူသည် အပြစ်ဖြေရာယဇ်ကို မိမိ၏အပြစ်များ အတွက်သာမက လူတို့၏အပြစ်များအတွက်ပါ ပူဇော်ရ၏။ မည်သူမျှ မိမိကိုယ်ကို ရဟန်းချုပ်အရာသို့ မချီးမြှင့်နိုင်ပေ။ အာရွန်ကဲ့သို့သူသည်လည်း ဘုရားသခင်၏ ရွေးချယ်ခန့်ထားခြင်းကို ခံရ၏။" (၅း၁-၄)

တခါတရံ ရဟန်းတို့သည် တံတားများဖြစ်ရမည့်အစား တံတိုင်းများဖြစ်ကာ လူနှင့်ဘုရားအကြား ကာဆီးထားသူများ ဖြစ်တတ်ကြသည်။ သို့သော်လည်း အသင်းတော်၏သမိုင်းတွင် လူတို့အတွက် မားမားမတ်မတ်ရပ်တည်ခဲ့ကြသောရဟန်းများ၊ လူသားနှင့်ဘုရားသခင်အား ပေါင်းကူး ဆက်သွယ်ပေးနိုင်သော ရဟန်းများစွာထွက်ပေါ်ခဲ့ပါသည်။ ဩဂုတ်လ(၄)ရက်နေ့တွင် ကျွန်ုပ်တို့ ကြည်ညိုခြင်းဖြင့် ကျင်းပမည့် ရဟန္တာ ဗီယာနီသည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ သူသည် လူသားများအပြစ် တရားမှ ရုန်းထွက်နိုင်ရန်ကူညီသည့် အာပတ်ဖြေခြင်းစက္ကရမင်းတူးကို လူပေါင်းများစွာအား ကြီးစွာ အပင်ပန်းခံကာ လုပ်ဆောင်ပေးခဲ့သူဖြစ်သည်။ကျွန်ုပ်တို့အတွက် ဘုရားသခင်ခန့်ထားတော်မူသော ရဟန်းတော်များသည် လူသား၏အားနည်းချက်ကို ကျော်လွန်ပြီး ဘုရားသခင်၏ သန့်ရှင်းမြင့်မြတ်ခြင်း၌ ပါဝင်နိုင်သူများ ဖြစ်ရန် လည်းကောင်း၊ ရှေ့ဆက်ပြီး မြန်မာပြည်ကက်သလစ်သာသနာတော်အတွက် ထူးချွန်ထက်မြက်သည့် သန့်ရှင်းသော ရဟန်းကောင်းများ ဘုရားသခင် ခန့်ထားပေးတော်မူပါမည့် အကြောင်း ဝိုင်းဝန်း ဆုတောင်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။ (အယ်ဒီတာချုပ်)

# ကက်သလစ်ဆရာတော်ကြီးများဆိုင်ရာသတင်းလွှာထုတ်ဝေခြင်း၏ရည်ရွယ်ချက်

- ဧဝံဂေလိသတင်းကောင်းကို ထပ်ဆင့်သယ်ပိုးဆောင်ရွက်နိုင်စေရန်၊
- ရဟန်းမင်းကြီးနှင့် အသင်းတော်တစ်ခုလုံးဆိုင်ရာနောက်ဆုံးရသတင်းများကိုအချိန်မှီပို့ဆောင်နိုင်ရန်၊
- မြန်မာနိုင်ငံရှိသာသနာအသီးသီး၊သူတော်စင်ဂိုဏ်းအသီးသီးနှင့်CBCMကော်မရှင်အသီးသီးတို့သည်နီးကပ်စွာ ဆက်သွယ်နိုင်စေရန်၊
- မြန်မာနိုင်ငံသားများအားလုံးကိုကောင်းသောသတင်းများအချိန်မှီ(တစ်လတွင်နှစ်ခါ)ထုတ်ဝေရန်၊နောက်ပိုင်းတွင် အထူးသဖြင့်online ဖြင့်ပေးပို့နိုင်ရန်၊
- အာရှသမ္မာတရားလေလှိုင်းအသံ၏ သတင်းထုတ်လွှင့်ခြင်းများကို အထောက်အကူဖြစ်စေရန်၊

# စာစောင်အတွက်ဖိတ်ခေါ်ခြင်း

- CBCM Herald သတင်းစာဖတ်သူများ၏ ဝယ်ယူအားပေးမှုသည် ဤစာစောင်ကို ပုံမှန်ဆက်လက် ထုတ်ဝေနိုင်၍ ပိုမိုကောင်းမွန်တိုးတက်လာစေရန် အဓိကအသက်ဖြစ်ပါသည်။
- စာစောင်ကို မိမိတို့ နှင့်အနီးစပ်ဆုံး ကက်သလစ်ဆရာတော်ကြီးကျောင်းတိုက်ရှိ လူထုဆက်သွယ်ရေးရုံးများနှင့် parishတိုင်းတွင် ပုံမှန်ရရှိနိုင်သကဲ့သို့ CBCM-OSC ရုံး(ဖုန်း ၀၁ ၅၂၅၈၀၈)သို့ ဆက်သွယ်ကာ အားပေး မှာယူနိုင်ပါသည်။
- သာသနာအသီးသီးမှသော်လည်းကောင်း၊ သူတော်စင်ဂိုဏ်းအသီးသီးမှသော်လည်းကောင်း၊ သတင်းများကို cbcmosc@gmail.com သို့ပေးပို့နိုင်ပါသည်။
- စာစောင်တွင်ကြော်ငြာများကိုလည်း ထည့်နိုင်သလို အလှူဒါနများကိုလည်း ကြိုဆိုလက်ခံနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ (အယ်ဒီတာချုပ်)

**ကျောင်းဒကာ မာတီယာဦးမောင်ဖိုး နောင်ယား(ခ)လွိုင်ကော်မှ ဘုရားသခင်အား ကျေးဇူးတင်ခြင်းအတွက် ဩဂုတ်လတစ်လစာအလှူတော်ငွေ(၃၀၀၀)ကျပ်လှူဒါန်းပါသည်။**





# ကမ္ဘာ့လူငယ်များနေ့ဆင်နွဲရန် ပိုလန်၌စုရုံးနေကြသောလူငယ်များထံသို့ ပုပ်ရဟန်းမင်းကြီး သတင်းစကား

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် (Krakow) တွင် စုရုံးရောက်ရှိနေကြသော ကမ္ဘာအနှံ့အပြားမှ လူငယ်များနှင့် ပိုလန်နိုင်ငံသားများ အားလုံးတို့အား အောက်ပါ သတင်းစကားကို ဇူလိုင်လ (၁၉)ရက်နေ့ တွင်ရေးသား ပေးပို့ခဲ့ပါသည်။

ချစ်လှစွာသော ညီအစ်ကိုမောင်နှမ အပေါင်းတို့ (၃၁)ကြိမ်မြောက် ကမ္ဘာ့လူငယ်များနေ့ကျင်းပရန် အလွန်နီးကပ်နေပြီဖြစ်သည်။ကရာကို(Krakow)မြို့၌ကမ္ဘာအနှံ့အပြားမှ လာရောက်စုရုံးလျက် ရှိနေကြသော လူငယ်များနှင့် ပိုလန်နိုင်ငံသားများကိုတွေ့ဆုံရန် ကျွန်ုပ်မျှော်လင့်နေမိပါသည်။ ကျွန်ုပ်၏တွေ့ဆုံလည်ပတ်ခြင်းတစ်ခုလုံးသည် ယခုသနားခြင်း ဂျူဘီလီနှစ်၏ စေ့ဆော်မှုအပြည့် ဖြစ်နေခဲ့ပါသည်။ လွတ်လပ်ခြင်း သမိုင်းဝင်ခရီးဆီသို့ ပိုလန်ပြည်သားများကို လမ်းညွှန် ဦးဆောင်ခဲ့သော၊ ကမ္ဘာ့လူငယ်များနေ့ကိုစတင်တည်ထောင်ကျင်းပခဲ့သော ရဟန္တာ ပုပ်ဂျွန်ပေါ်(၂)ကိုလည်း အထူးအောက်မေ့ သတိရမိပါသည်။ ပိုလန်နိုင်ငံရှိလူငယ်များကိုလည်း ထိုသို့ (Krakow)မြို့၌ ကမ္ဘာ့လူငယ်များ နေ့ကျင်းပနိုင်ရန်အတွက် သင်တို့သည် များစွာ အချိန်ယူ ပြင်ဆင်ခဲ့ရကြောင်း အထူးသဖြင့် ဆုတောင်းခဲ့ခြင်းများကိုလည်းကျွန်ုပ်သိနှင့်ပြီးဖြစ်ပါသည်။ သင်တို့ လုပ်ဆောင်ခဲ့ခြင်းများနှင့် ချစ်ခြင်းမေတ္တာများအတွက် သင်တို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါသည်။ ယခုအချိန်တိုင်အောင် သင်တို့ကို ကျွန်ုပ်က ကောင်းကြီးပေး ပွေ့ဖက်ထားဆဲ ဖြစ်ပါသည်။ ဥရောပ၊ အာဖရိက၊ အမေရိက၊ အာရှ နှင့် အာရှ



တိုက် တစ်ခုလုံးဆိုင်ရာတိုက်များမှရောက်ရှိလာကြသော လူငယ်အပေါင်းတို့ ကျွန်ုပ်သည် သင်တို့၏တိုင်းပြည်၊ မျှော်လင့်ခြင်းနှင့် (Krakow) သို့လာသည့် ခရီးစဉ်ကိုလည်း ကောင်းကြီးပေးပါသည်။ ထိုအရာသည် သင်တို့အတွက် ယုံကြည်ခြင်း၏ ဘုရားဖူးခရီး တစ်ခုဖြစ်ရန်နှင့် နွေးထွေးပျူငှာမှုရှိသော၊ ရင်းနှီးကျွမ်းဝင်မှု ရှိသော ခရီးတစ်ခုဖြစ်ရန် ဆုတောင်းပေးပါသည်။ "သနားကြင်နာတတ်သော သူတို့သည် မင်္ဂလာရှိ၏ အကြောင်းမူကား သူတို့သည် သနားကြင်နာခြင်းကို ခံစားရလိမ့်မည်"ဟု (မာတေဦး ၅း၇) တွင် သင်တို့အားပြောနေသော ခရစ်တော်၏စကားကို သင်တို့ တစ်ဦးစီသည်ကြား၍ လက်တွေ့ခံစားနိုင်ကြရန် ခရစ်တော်ဘုရားရှင်က ကျေးဇူးပေးတော်မူပါစေ။ ကွဲပြားသော မျက်နှာ၊ လူမျိုး၊ ဘာသာစကားနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ရှိနေသော်လည်း ဘုရား၏သနားခြင်း မျက်နှာတော်ဖြစ်သော ခရစ်တော်၏နာမတော်၌ အတူတကွစည်းရုံး နေခဲ့ကြသော သင်တို့၏ မုန်စီရွှေချပုံစံကိုမြင်တွေ့ရန် ကျွန်ုပ်အလွန်ပင် စိတ်လှုပ်ရှားနေမိပါသည်။ ချစ်စွာသော ပိုလန်နိုင်ငံသူ/သားအပေါင်းတို့ သင်တို့ဆီသို့လာရောက် လည်ပတ်ရခြင်းသည် ကျွန်ုပ်အတွက် ဘုရားကပေးသော ကျေးဇူးတော်လက်ဆောင်ပင်ဖြစ်ပါသည်။ သင်တို့သည် အခက်အခဲပေါင်းများစွာ၊ စုံစမ်းနှောက်ယှက်ခြင်းများစွာကို ခံစားရင်ဆိုင်ခဲ့ရသော သမိုင်းရှိခဲ့သည့် လူစုတစ်စု ဖြစ်ပါသည်။ သို့သော်ယုံကြည်ခြင်း၏ တန်ခိုးနှင့် အမိမယ်တော်၏ ကူညီဖေးမပေးခြင်းဖြင့် ယိုင်လဲ့သွားခြင်းမရှိကြောင်းသိခဲ့ရပါသည်။ Czestochowa အပါအဝင် ၎င်းဒေသတစ်လျှောက် ဘုရားဖူးခရီးတစ်ခု ပြုလုပ်ပြီး သောအခါ ကျွန်ုပ်၏ ယုံကြည်ခြင်းကိုများစွာ ခွန်အားဖြစ်စေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကျွန်ုပ်၏ လာရောက်လည်ပတ်ခြင်းအတွက် ဆုတောင်းခြင်းဖြင့် ပြင်ဆင်ပေးခြင်းအတွက်သော်လည်းကောင်း၊ ဆရာတော်များ၊ ဘုန်းတော်ကြီးများ၊ သူတော်စင်များအားလုံးနှင့် ယုံကြည်သူဘာသာသူများ အထူးသဖြင့် ကျွန်ုပ်ကတမန်တော်ဆိုင်ရာ စာချွန်တော်ဖြစ်သည့် "Amoris Laetitia" ယူဆောင်လာပေးမယ့်မိသားစုဝင်များအား အထူးကျေးဇူးတင်မိပါသည်။ လူမျိုးတစ်ခု၏ ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးရာ ကျန်းမာခြင်းကို ၎င်းမိသားစု၌ တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် ပင်ရဟန္တာဂျွန်ပေါ်(၂)က မိသားစုနှင့်ငယ်ရွယ်နနယ်သော အိမ်ထောင်သည်များ၊ စေ့စပ်ထားသော စုံတွဲများအတွက် အထူး ရည်ရွယ်ထားခဲ့ခြင်းဖြစ်ပါသည်။ ထိုလမ်းစဉ်အတိုင်း ဆက်လက်ထိန်းသိမ်းသွားကြပါစို့။ ချစ်လှစွာသော ညီအစ်ကိုမောင်နှမများတို့ အချစ်များစွာဖြင့် ထိုသတင်း စကားကို ကျွန်ုပ်ပါးလိုက်ခြင်းဖြစ်ပါသည်။ တစ်ဦးအတွက်တစ်ဦး ဆုတောင်းပေးကြခြင်းဖြင့် အတူတကွ ပေါင်းစည်းကြပါစို့။ ပိုလန်နိုင်ငံ၌ သင်တို့အားလုံးကို တွေ့ဆုံရန် ကျွန်ုပ် မျှော်လင့်လျက်နေပါသည်ဟူ၍ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။ (CBCM-OSC)

# Nice မြို့အကြမ်းဖက်တိုက်ခိုက်မှုအား ပုပ်ရဟန်းမင်းကြီးရှုတ်ချ

ပုပ်ရဟန်းမင်းကြီးဖရန်စစ်က မိမိ၏ကိုယ်စား ဗာတီကန် အတွင်းရေးမှူး ကာဒီနယ် Pietro Parolin မှတဆင့် ပြင်သစ်လူမျိုးများထံသို့ (၁၅၊ ၇၊ ၂၀၁၆) တွင် ကြေးနန်းစာစောင်ကို ပေးပို့လိုက်သည်။ ၎င်းကြေးနန်းစာထဲတွင် အရှင်သူမြတ်က အကြမ်းဖက်တိုက်ခိုက်သူများကို အပြင်းအထန်ရှုတ်ချဝေဖန်ခဲ့ပြီး သူသည် ပြင်သစ်လူမျိုးတို့အတွက်၊ ၎င်းတို့တွေ့ကြုံခဲ့ရသည့် အဖြစ်ဆိုးကြီးတို့နှင့်အတူထပ်တူ ထပ်မျှဝမ်းနည်း ရပါကြောင်း ပါရှိသည်။ Nice မြို့၏ဆရာတော် Andre Marceau အမည်ဖြင့်လိပ်မူထားသော ၎င်းကြေးနန်းစာတွင် ကလေးငယ်များစွာ ပါဝင်လျက် ပြင်သစ်လူမျိုးတို့သည် Nice မြို့တော်တွင် ပြည်ထောင်စုနေ့ကို ကျင်းပနေစဉ်အတွင်း အကြမ်းဖက်တို့၏ ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံရခြင်းဖြစ်သည်ဟု ရေးသားထားသည်။ ထို့ကြောင့်ပုပ်ရဟန်းမင်းကြီးက ထိုကဲ့သို့သော လုပ်ရပ်မျိုးကို တိတိကျကျ အရေးယူပါရန်နှင့် သူသည် ပြင်သစ်လူမျိုးတို့၏ ဝမ်းနည်းခြင်းတွင် ထပ်တူခံစားရပါကြောင်း ထပ်မံပြော ကြားခဲ့ပါသည်။

ကြေးနန်းစာထဲတွင်လည်း ပုပ်ရဟန်းမင်းကြီးက မိမိသည် သေဆုံးခဲ့ရသောသူတို့အတွက် ဘုရားသခင်၏သနားခြင်းတွင် အပ်နှံပေးခဲ့ပါကြောင်း၊ မိသားစုဝင်များဆုံးရှုံးခဲ့ရသော သူတို့၏နာကျင်ခြင်းတွင် ထပ်တူဝေမျှ ခံစားရကြောင်း၊ ဒဏ်ရာဖြင့်နာကျင်စွာခံစားကျန်ရစ်သူများအားအထူးဂရုဏာသက်မိပါကြောင်းရေးသားထားသည်။

ငြိမ်းချမ်းခြင်းနှင့် ညီညွတ်မှုတခြင်းတည်းဟူသော ဘုရား၏ ကျေးဇူးတော်လက်ဆောင်ကို တောင်းခံပေးပြီး ပြင်သစ်ပြည်သူ ပြည်သားအားလုံး အထူးသဖြင့် ၎င်းဖြစ်ရပ်ဆိုးထဲတွင် ထိခိုက်နာကျင်ခဲ့



ရသော မိသားစုများတို့အပေါ် ဘုရားရဲ့ ကျေးဇူးတော် ကောင်းကြီးများကို ရရှိခံစားရပါမည့်အကြောင်း ဆုတောင်းပေးခြင်းဖြင့်ကြေးနန်းစာကို နိဂုံးချုပ်ခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။

CBCM-OSC

# ဗာတီကန်သတင်းစာပုံနှိပ်ရုံးဒါရိုက်တာFr.Lombardi အနားယူခြင်းနှင့် Greg Burkeအားဖြန့်လည်ခန့်အပ်ခြင်း

၁၉၉၁ မှ ၂၀၁၆ ခုနှစ်အထိ ဗာတီကန် ရေဒီယိုဌာန၏ ဒါရိုက်တာချုပ်အဖြစ် နှင့်သော်လည်းကောင်း ၂၀၀၅-၂၀၁၃ ခုနှစ်အထိ ဗာတီကန်ရုပ်မြင်သံကြားရုံး(CTV)၏ ဒါရိုက်တာအဖြစ်သော်လည်းကောင်း နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော Fr. Federico Lombardi (SJ)သည် ဗာတီကန်နိုင်ငံ ရဟန်းမင်းကြီးဆိုင်ရာ ပုံနှိပ်ရုံးတွင်(၁၀) နှစ်နှင့် အထက် ဒါရိုက်တာအနေဖြင့် ဦးဆောင် လုပ်ကိုင်ပြီးနောက် ယခုတွင် အနားယူတော့မည်ဖြစ်သည်။ သူ၏အနားယူခြင်းနှင့်အတူ ၎င်းနေရာ၌ ဝင်ရောက်အမှုထမ်းဆောင်မည့် အမေရိကန် Fox သတင်းဂျာနယ်မှ သတင်းထောက်တစ်ဦးဖြစ်သူ Greg Burke အားပုပ်ရဟန်းမင်းကြီး၏ တရားဝင်ခန့်အပ်ခြင်းကို ဗာတီကန်က ၁၁၊၇၊၂၀၁၆ တွင်ထုတ်ပြန်ခဲ့သည်။ အသက်(၅၆)နှစ်ရှိပြီဖြစ်သော Greg Burke မကြာသေးမီက Fr.Lombardi ၏ လက်ထောက်ဒါရိုက်တာအဖြစ် ဝင်ရောက်လာခဲ့သူလည်းဖြစ်သည်။

သူသည် နယူးယောက်ရှိ ကိုလန်ဘီယာ တက္ကသိုလ်၌ ကျောင်းသားတစ်ဦးအဖြစ်ရှိစဉ်ကပင် Opus Dei ၏အဖွဲ့ဝင်တစ်ဦးဖြစ်လာခဲ့သည်။ ၂၀၁၂ ခုနှစ်ဗာတီကန်၏ လူထုဆက်သွယ်ရေး အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်ခြင်းခံမရမီ Fox သတင်း၏ သတင်းထောက်တစ်ဦး အဖြစ် ဆယ်စုနှစ် တစ်ခုထက်မနည်း တာဝန်ထမ်းဆောင်ခဲ့သည်။Greg Burke၏လက်ထောက်ဒါရိုက်တာအဖြစ်Paloma Garcia Ovejeroကကူညီ လုပ်ဆောင်ပေးမည်ဖြစ်သည်။ သူမသည် အသက် (၄၀) ခန့်သာရှိသေးသူဖြစ်ပြီး မက်ထရစ်နိုင်ငံမှ ဖြစ်ကာ ဗာတီကန်ရုံးတော်၏ ပထမဦးဆုံး အမျိုးသမီး လက်ထောက် ဒါရိုက်တာအဖြစ်ဖြင့် တာဝန်ယူ ထမ်းဆောင်မည်ဖြစ်သည်။ Garcia သည် Cadena Cope Radio Espanda ၏ အယ်ဒီတာချုပ်အနေဖြင့် ၁၉၉၈ ကစ၍အလုပ်လုပ်ခဲ့သည်။ သူမသည်စပိန်၊ အင်္ဂလိပ်၊ အီတာလျံနှင့် တရုတ်ဘာသာစကားများကို ကောင်းစွာ ပြောဆိုနိုင်သူလည်းဖြစ်ကာ U.S အတွေ့အကြုံကြွယ်ဝသူလည်းဖြစ်သည်။



သူတို့နှစ်ဦးစလုံးသည် ဘာသာစကားများစွာကို ပြောဆိုနိုင်သူဖြစ်ကာ အာဂျင်တီးနားနိုင်ငံဖွား စပိန်လူမျိုးများလည်း ဖြစ်ကြသည်။ ရောမလူမျိုး ရှားပါးကာ ရာစုနှစ်များစွာ အီတာလျံလူမျိုးတို့၏ အုပ်ချုပ်မှုအောက်တွင် ရှိနေခဲ့သော ဗာတီကန်နိုင်ငံ၏ စီမံခန့်ခွဲခြင်း ကဏ္ဍများတွင် နိုင်ငံခြားသားနှစ်ဦးအား အသစ်ခန့်အပ်ခြင်းသည် သိသာထင်ရှားသော ပြောင်းလဲမှုများဖြစ်ပေါ်လာမည်ဖြစ်သည်။ အသက်(၇၃)နှစ်အရွယ်ရောက်ကာ နှစ်ပေါင်းများစွာဗာတီကန်ရုံးတော်အတွက် အစေခံအမှုတော်ထမ်းခဲ့သော Fr.Lombardi အတွက်လည်း ကျေးဇူးတင်စကားများ၊ ဂုဏ်ပြုချီးမွမ်းစကားများစွာ ထွက်ဖော်ဖြစ်တည်လာခဲ့သည်။ ရုံးတော်၏ အင်္ဂလိပ်ဘာသာအတွင်းရေးမှူးဖြစ်သော Thomas Rosica ကလည်းသူသည် Fr.Lombardi နှင့်အတူ နှစ်ပေါင်းများစွာတွင် အတူလက်တွဲ လုပ်ဆောင်ခဲ့ကာ Fr.Lombardi ထံမှ အတွေ့အကြုံကောင်းများစွာ အထူးသဖြင့်သူ၏ ကြင်နာတတ်သော နူးညံ့သော သဘော၊ သာသနာပြုအသိစိတ် ဟာသ ဉာဏ်ရွှင်မှုနှင့် အလုပ်မည်မျှ များစေကာမူ တည်ငြိမ်စွာ လုပ်ဆောင်တတ်သော စွမ်းရည်များကို အားကျအတုယူဖွယ် လေ့လာသိမြင်ရပါကြောင်း ထုတ်ဖော် ပြောသွားခဲ့သည်။ အမေရိကန် မဂ္ဂဇင်း၏ အယ်ဒီတာချုပ်ဖြစ်သော Fr James Martin(SJ) ကလည်း Fr.Lombardi ၏နှစ်ပေါင်းများစွာ အနစ်နာခံ လုပ်ဆောင်ပေးခဲ့ခြင်း အတွက် ကျေးဇူးတင်စကားဆိုကာ Twitter ပေါ်တွင် Fr Lombardi အားကြင်နာတတ်သော အလုပ်ကြိုးစားသော ဘုရားတရားရှိသော ယေဇူးအသင်းဂိုဏ်းဝင် စံပြရဟန်း (SJ) ဟူ၍ စာတိုရေးတင်ကာ ဂုဏ် ပြုခဲ့သည်။ (ဗာတီကန်ရေဒီယို)

# ပုပ်ရဟန်းမင်းကြီးဖရန်စစ်အရှင်သူမြတ် အီတလီတွင် မီးရထားမှောက်သေဆုံးသူများအတွက် ထပ်တူ ဝမ်းနည်းပူဆွေးခြင်း



ပုပ်ဖရန်စစ် အရှင်သူမြတ်သည် အီတလီတောင်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရထားတိမ်းမှောက်သေဆုံးမှု အတွက် ဝမ်းနည်းကြောင်းစာကို ဒေသခံ အာ့ချ်ဘိရှော့ထံသို့ အင်္ဂါနေ့တွင် ကြေးနန်းဖြင့် ပေးပို့ခဲ့ပါသည်။ အနည်းဆုံးလူ(၂၅)ဦးသေဆုံးပြီး အယောက်(၅၀) ဝန်းကျင်ခန့်ဒဏ်ရာရရှိကာ၊အချို့တို့သည် ပြင်းထန်သောအခြေအနေတွင် ရှိနေသည်ဟုလည်းသိရသည်။ အားနားရှိန်းဘက် သတင်းပေးပို့ချက်အ Bari-Bitonto အာ့ဘိရှော့ထံသို့ပေးသော ကြေးနန်းစာတစ်စောင်ကို အင်္ဂါနေ့တွင် ဗာတီကန်နိုင်ငံ၏ အတွင်းရေးမှူး ကာဒီနယ် Pietro Parolin က ပုပ်ရဟန်းမင်းကြီးသည် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်တွင်သက်ရောက်ခံနေရသောမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ပါဝင်ခံစားရပါကြောင်းဖော်ပြထားပါသည်။

ပုပ်ရဟန်းမင်းကြီးသည် ဝမ်းနည်းဖွယ်ဖြစ်ရပ်တွင် သေဆုံးသူများအတွက် ခိုင်မာသောဖြန့်ဖြေ ဆုတောင်းပေးခြင်းနှင့် ဒဏ်ရာရသောသူများ အမြန်ဆုံးကုသမှုရရှိရန် ပြောခဲ့သည်။

နောက်ဆုံးတွင်ပုပ်ဖရန်စစ်သည် သူ၏ သိုးထိန်းမင်္ဂလာ ကောင်းကြီးကိုပေးပြီး အမိမယ်တော်၏ ကာကွယ်စောင့်ရှောက်မှုကိုရရှိမည့်အကြောင်း အားပေးခဲ့သည်။ ထိုရထား တိမ်းမှောက်မှုသည် အီတလီတောင်ပိုင်း Puglia ဒေသ၌ (၁၁း၃၀)ဝန်းကျင်တွင်ဖြစ်ပွားပြီး၊ ရထားတွဲသုံးတွဲသည် အစိတ်စိတ်အမွှာမွှာ ကျိုးပဲ့ကြေမွကာ အပိုင်းအစများသည် Olive ပင်များကြားတွင်ပြန့်ကြဲနေသည်။

ရထားနှစ်စင်းတို့သည် ကိုရတို နှင့် အာဒရီယံမြို့ငယ်နှစ်မြို့ကို ဆက်သွယ်ထားသော ရထားလမ်းတွင် မျက်နှာချင်းဆိုင်တိုက်မိခြင်းဖြစ်ကြောင်း သိရသည်။ တိုက်မိရခြင်း၏အကြောင်းရင်းကိုချက်ချင်းမဖော်ပြနိုင်သေးသော်လည်း အစိုးရအဖွဲ့သည် မြန်ဆန်သောစုံစမ်း စစ်ဆေးမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ အင်္ဂါနေ့တွင် ဖြစ်ခဲ့သည့် ရထားမတော်တဆ ဖြစ်ပွားမှုသည် လွန်ခဲ့သောနှစ်အနည်းငယ်တွင် အဆိုးဆုံးဖြစ်သည်။ အဆိုးဆုံးသော ရထားမတော်တဆဖြစ်ပွားမှုမှာ (၂၀၀၉) ခုနှစ် အီတလီတောင်ပိုင်း Viareggio မြို့တွင် ဖြစ်ခဲ့ပြီး၊ ကုန်တင်ရထားတစ်စီးသည် ရထားလမ်းချော်မှုကြောင့် ရထားတိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အနီးဝန်းကျင်နေထိုင်သောသူ(၃၀)ဦး သေဆုံးခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှ သတင်းရရှိပါသည်။

# ဖိလစ်ပိုင်ဆရာတော်များ နိုင်ငံတော်အတွင်း မှားယွင်းစွာပြု ကျင့်နေသောအရာများကိုခုခံတွန်းလှန်ကြရန်ကြိုးစား



၁၁၊၇၊၂၀၁၆ ရက်နေ့တွင် ဖိလစ်ပိုင်ဆရာတော်အကြီးများက အသင်းတော်၌တာဝန်ရှိသူများအား မှားယွင်းစွာကျင့်သုံးနေသော အရာများကို ခုခံတွန်းလှန်ကြရန်နှင့် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသည်ဟု သံသယဖြင့် ဖမ်းဆီးချုပ်နှောင်ခံရသူများ၊ မတရားစွတ်စွဲခံရသူများ၊ အမှုအခင်းမျိုးမျိုးနှင့် ကြုံတွေ့နေရသူများ၏အသက်ကို တတ်နိုင်သမျှ ကယ်တင်ပေးကြရန်၊ ကျွန်ုပ်တို့သည် အသက်အန္တရာယ် ကြုံတွေ့ရသူများကို ကာကွယ်ပေးရမည်ဖြစ်သလို အမှားအယွင်း အမိုက်မှောင်၌ ကျင်လည်သူများတို့ကိုလည်း ကယ်တင်နိုင်ရန် ကြိုးစားပေးရမည်ဟု ဖိလစ်ပိုင်ဆရာတော်များ(CBCP) အစည်းအဝေးတွင် မိန့်ကြားခဲ့ကြောင်း သိရပါသည်။

ကာဒီနယ်ကြီး Villegas က "အချိန်ရောက်လာလိမ့်မယ်။ ဘယ်အချိန်လဲဆိုရင်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာတဲ့အခါ၊ မိမိရဲ့လိုအင်ဆန္ဒကိုသာဦးစားပေးပြီး လောဘတက်နေကြတဲ့အခါ၊ အမှန်ကိုအမှားလို့မြင်တဲ့အခါ သတိထားကြပါ။ လူဆိုတာ အတုံ့အလှည့်ဆိုတာရှိတယ်" ဟု သတိပေးခဲ့ကြောင်း၊ ဆရာတော်က အပေါင်းအဖော်ဆရာတော်များအား "သွန်သင်ပါ" အမှန်ကို အမှန်လို့ သွန်သင်ပြီး အမှားကို အမှားလို့သွန်သင်ပါ။ အဲ့ဒါတွေကို ဆက်လက်သွန်သင်ပါ ဘုရားရဲ့အမှုတော်ဆိုတာ အောင်မြင်မှုရရှိဖို့သက်သက်မဟုတ်ပဲ သစ္စာရှိဖို့လည်းလိုတယ်" ဟု မိန့်ကြားခဲ့ကြောင်းသိရှိရသည်။

လွန်ခဲ့သော ၁၉၈၆ ခုနှစ်တွင် ဖိလစ်ပိုင်မှာ "People Power" လူထုအင်အားသပိတ်ဖြစ်ပွားခဲ့သည်။ ၎င်းအချိန်တွင် ဆရာတော်များ၏အသံသည် အထူးလေးစားခြင်းခံရသော်လည်း ၂၀၁၂ခုနှစ်တွင် Reproductive Health Law သန္ဓေတားဆီးခွင့် ဥပဒေစတင်ထွက်ပေါ်ချိန်မှစ၍ အစိုးရနှင့် ကက်သလစ်ဆရာတော်ကြား အတိုက်အခံများစွာရှိခဲ့သည်။ ထိုအချိန်တွင် ဆရာတော်တို့၏စကားသည် ဘယ်သူမှဂရုမစိုက်ကြသည့်အပြင် လှောင်ပြောင်ခြင်းနှင့် လစ်လျူရှုခြင်းတို့ကို ခံခဲ့ကြောင်း။ ယခုလက်ရှိ သမ္မတအသစ် Rdrigo Duterte သည် ဆရာတော်များအား "အရှက်မရှိဟီပိုခရစ် (hypocrites) များ၊ အရိုင်းအစိုင်းဆုံးတို့၏ ကလေးများ" ဟုစော်ကားစွာပြောဆိုခဲ့ကြောင်းလည်းသိရှိရသည်။ ထို့ကြောင့်ဆရာတော် villeges က သူ၏ဆရာတော်များအား "ဘုရားအလုပ်လုပ်တဲ့အခါမှာ သဲကန္တာရမှာ ဖြတ်သန်းသွားလာရသလို ကြမ်းတမ်းခက်ခဲပေမဲ့ မတွန့်ဆုတ်ကြပါနဲ့။ ဘုရားရဲ့အမှုတော်ကိုထမ်းဆောင်တဲ့ ကျွန်တော်တို့တွေဟာ အောင်မြင်ဖို့ထက် သစ္စာရှိဖို့လိုတယ်" ဟု တိုက်တွန်းခဲ့ကြောင်း UCAN သတင်းမှ ရရှိပါသည်။

**(CBCM-OSC)**

# ကြွေလွင့်သွားသော ပါကစ္စတန်မှ နှလုံးလှပိုင်ရှင် Edhi



Edhiသည်(၈၊၇၊၂၀၁၆)ရက် နေ့တွင် ကျောက်ကပ်ရောဂါဖြင့် Karachiမြို့တွင်ရှိသော ဆေးရုံတစ်ရုံတွင် သေဆုံးခဲ့ကြောင်းသတင်းရရှိပါသည်။ သေဆုံးချိန်တွင်အသက်(၈၈)နှစ်ပြည့်ပြီဖြစ်သည်။

သူ၏ဈာပန အခမ်းအနားကို မြို့တော်၏အားကစားကွင်းတွင် ကျင်းပပြီး လူအမြောက်အများလာရောက် ဂါရဝပြုပန်းကုံးချခဲ့ကြောင်း၊ Fr Sareh Diego လည်း ကက်သလစ် အသင်းတော်ကိုယ်စားသွားရောက်ဂါရဝပြုပန်းကုံးချခဲ့ကြောင်းနှင့် Edhi နေမကောင်းဖြစ်စဉ် ဖာသာရ်က ဆေးရုံသို့ မိသားစုဝင်တွေနှင့်အတူ သွားရောက်ဆုတောင်းပေးခဲ့ကြောင်း၊ သူသည် ဖာသာရ်ကို တွေ့ခွင့်ရသဖြင့် အင်မတန်မှ ပျော်ရွှင်မိကြောင်း သိရှိရပါသည်။ Edhi နေမကောင်းဖြစ်စဉ် ဘုရားကျောင်းတိုင်း၌လည်း သူ့၏ကျန်းမာရေးအတွက် ဆုတောင်းပေးကြရန် ဂိုဏ်းချုပ်ဆရာတော်ကြီးမှ တိုက်တွန်းခဲ့ကြောင်းလည်း သိရှိရပါသည်။ Edhi ၏ဈာပန အခမ်းအနားသို့ လာရောက်ဂါရဝပြုသော နိုင်ငံတော်ဝန်ကြီးချုပ် Nawag Sharit ကလည်း "ဒီနေ့ ကျွန်တော်တို့အားလုံး အင်မတန်မှ ဝမ်းနည်းနေရပါတယ်။ ဘာလို့လဲဆိုတော့ မေတ္တာစိတ်နဲ့ပြည့်ဝတဲ့ လူတစ်ယောက်ကိုဆုံးရှုံးလိုက် ရလို့ပဲဖြစ်တယ်" ဟုပြောကြားခဲ့ကြောင်း၊ အိန္ဒိယဝန်ကြီးချုပ်ကလည်း Edhi ရဲ့စိတ်နှလုံးသားဟာ နိုဘယ်ဆုရှင်ကဲ့သို့သော နှလုံးသားပါ။ သူဟာ သူ့ရဲ့ဘဝတစ်ခုလုံးကို အများအတွက် ဆက်ကပ်ထားသူဖြစ်တယ်။ နိုဘယ်ဆုရှင် မာလာလာ ကိုယ်တိုင်က သူ့ကို ငြိမ်းချမ်းရေးဆုရှင်ဟု သတ်မှတ်တယ်လို့ ပြောခဲ့တယ်"ဟု ပြောကြောင်း သိရှိရပါသည်။ သူ့ကိုအများက အသက်ရှင်လျက်ရှိသောရဟန္တာ၊ ပရဟိတဒါနရှင်ဟုသိထားကြသည်။ သူသည် အိန္ဒိယတွင် မွေးဖွာသန့်စင်ပြီး မွတ်ဆလင် မိသားစုဝင်တစ်ဦးဖြစ်သည်။ သူသည် ဆင်းရဲသားတစ်ဦးကဲ့သို့ ဝတ်ဆင်ကာသွားလာနေခြင်းကြောင့် ဆင်းရဲသားများ၏ သူရဲကောင်းအဖြစ် သတ်မှတ်ခြင်းခံရသူလည်းဖြစ်သည်။ ပါကစ္စတန်တွင် သူ၏နာမည်ဖြင့် Edhi ဖောင်ဒေးရှင်းကို တည်ထောင်ခဲ့သည်။ ထိုဖောင်ဒေးရှင်း တွင် ဆေးခန်းဖွင့်ခြင်း၊ လူနာတင်ကားများ စီစဉ်ပေးခြင်း၊ မိဘမဲ့ကလေးများတို့ကို လက်ခံကူညီပေးခြင်းနှင့် မူးယစ်ဆေးဝါး သုံးစွဲသူတို့စောင့်ရှောက်ခြင်းစသည့် ကရုဏာလုပ်ငန်းစဉ်လုပ်ဆောင်လျက်ရှိသည်။ ထိုကရုဏာလုပ်ငန်းကို ၁၉၄၉ ခုနှစ် အိန္ဒိယတွင်နိုင်ငံရေး၏ အပြောင်းအလဲကြောင့် ပါကစ္စတန်သို့ မိသားစုဝင်များနှင့်အတူ ရောက်ရှိချိန်မှ စတင်တည်ထောင်ခဲ့ကြောင်းသိရှိရသည်။ Edhiသည် အကြမ်းဖက်သမားများ အထူးသဖြင့် အရပ်သားများကို အနိုင်ကျင့်ဆက်ဆံသူတို့ကိုလည်းကောင်း၊ အစိုးရကို ပုတ်ခတ်ပြောဆိုသူတို့ကိုလည်းကောင်း ကျိန်းမောင်းသတိပေးခဲ့ကြောင်း၊ လူအများက Edhi ကို လေးစားကြသော်လည်း ဘာသာရေးခေါင်းဆောင်အချို့က သူ့ကို မနှစ်သက်ကြကြောင်း၊ မွတ်ဆလင် ဘာသာဝင်များထက်အခြားသူများကို ဦးစားပေးဆက်ဆံသည်ဟုမြင်ကြကြောင်း သိရှိရပါသည်။

ပါကစ္စတန်တွင် ယခင်နှစ်၏အပူလှိုင်းဖြတ်မှုကြောင့် အကြီးအကျယ်ဒုက္ခရောက်သော လူဦးရေ သန်း(၂၀)ခန့်ကို ကူညီပေးသောကြောင့် Edhi ဖောင်ဒေးရှင်းသည် ထိပ်ဆုံးသို့ရောက်ခဲ့ကြောင်း ဗာတီကန်ရေဒီယိုမှသတင်းရရှိပါသည်။

**(CBCM-OSC)**

# မဟာမဲခေါင်ဒေသ Caritas Asia လူကုန်ကူးမှုတားဆီးကာကွယ်ရေးအထူးတပ်ဖွဲ့အစည်းအဝေး

ကရုဏာမြန်မာ လူမှုစည်းလုံးညီညွတ်ရေးအသင်း (Caritas Myanmar - KMSS) ၏ တာဝန်ယူဆောင်ရွက်မှုဖြင့် ၂၉၂(က) ပြည်လမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာကက်သလစ် ဆရာတော်ကြီးများ၏ အဖွဲ့ချုပ်ရုံးတွင် Caritas Asia လူကုန်ကူးမှု တားဆီးကာကွယ်ရေး အထူးတပ်ဖွဲ့အစည်းအဝေးကြီး ပြုလုပ်ခဲ့သည်။Caritas Asia (၅) နိုင်ငံဖြစ်သော (Caritas Thailand,Caritas Combodia, Caritas Macau, Caritas Vietnam and Caritas Myanmar) လူကုန်ကူးမှုတားဆီးကာကွယ်ရေး အထူးအဖွဲ့များ၏ အရှေ့တောင်အာရှတွင် လူမှောင်ခိုမှုနှင့် လူကုန်ကူးမှုသည် နိုင်ငံအလိုက် ကြီးထွားလာပြီး အထူးဂရုစိုက် တာဝန်ယူဆောင်ရွက်လာရသော ပြဿနာများကို ဆွေးနွေးကြရန် ရည်ရွယ်ချက်ဖြစ်သည်။

(Bishop of Mawlamyine Diocese) , Rev. Fr. Maurice NyuntWai (Executive Secretary of CBCM)တို့မှ ဦးဆောင်ပြုလုပ်ခဲ့သည်။

မစ္ဆားတရားတော်မြတ် အပြီးတွင် His Eminence Charles Cardinal Bo (Archbishop of Yangon) Dr. Win TunKyi နှင့် Mr.Eleazar Villanueva Gomez,တို့မှကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ ဆက်လက်၍ ကရင်နစ်ခြင်းအသင်း၏ (သဲလို)အမည်ရှိ အမျိုးသမီးစောင့်ရှောက်ရေး ဂေဟာတစ်ခုသို့ သွားရောက် လေ့လာခဲ့သည်။ ထိုဂေဟာသည် ၂၀၁၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လူကုန်ကူးခံရသော အမျိုးသမီးများကိုအနီးကပ် စောင့်ရှောက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများအား ပြန်လည်ကုသပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်း






အစည်းအဝေးသို့ Mr.Eleazar Villanueva Gomez, Mr.Ratha Lay (Sam), Ms.Wanphen Khemnucheta (Toi), Paul Jean Claude Gougis (Secours Catholique), Fr. Doroteo Bacuno Reyes (Consultant) (Caritas Asia), (Sr. Jantana Janton (Caritas Thailand/ CNAAT), Sr. Ly Thi Xuan Dung and KleuThi Yen Ly (Caritas Vietnam), Kim Rattana and Ms.Tek Sopheak (Caritas Cambodia), Mr. Pun Chi Meng and Mr.Ho Kun Lon (Caritas Macau), and Dr. Win TunKyi, Ms. Mary Khin, Bishop Issac Danu, Nicholas Nay Win Aung, John Nay Htike Zaw and Sr. Jane Nway Nway Ei (RGS) KMSSတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

၅၊၇၊၂၀၁၆ရက်နေ့ မနက်(၈း၀၀) တွင် အဖွင့်မစ္ဆားတရားဖြင့်His Excellency Isaac Danu (President of Episcopal Commission for Tourism and Migration), and His Eminence Charles Cardinal Bo (Archbishop of Yangon), Rev.Fr.Doroteo Bacuno Reyes (SEA Sub-region AT Program Coordinator of Caritas Asia), His Excellency Felix Khen Thang (Bishop of Kalay Diocese), His Excellency Lucius Hre Kung (Bishop of Hakha Diocese) , His Excellency Raymond Saw Pho Ray

ပြုသင်တန်းများပေးခြင်း(အပ်ချုပ်စက်သင်တန်း၊ အလှပိုင်းဆိုင်ရာ ပြုပြင်ခြင်းသင်တန်း၊ စိုက်ပျိုးရေးသင်တန်း၊ လူကုန်ကူးမှု တားဆီး ကာကွယ်ရေးသင်တန်း၊ နောက်ဆက်တွဲ ကူညီဆောင်ရွက်မှု) အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုင်းနိုင်ငံတွင် (၉)နှစ်ကြာငါးဖမ်းရေလုပ်သားအဖြစ် လုပ်အားခေါင်းပုံဖြတ်ခံရသော မြန်မာနိုင်ငံသားတစ်ယောက်၏ ဘဝအတွေ့အကြုံများ ဝေမျှခြင်းကိုလည်း ပြုလုပ်ခဲ့သည်။ ထိုလူကုန်ကူးခံရသောသူမှ "မိသားစုစားဝတ်နေရေး အဆင်ပြေဖို့ရန်အတွက် ၂၀၀၇ ခုနှစ်ကတည်းက ထွက်သွားတယ်။ အစကပွဲစားနှင့်သဘောတူထားတဲ့အလုပ်၊ ရရှိမည့်လုပ်ခလစာက မျှော်လင့်ထားတာနှင့် တခြားစီ ဖြစ်ခဲ့တယ် မြန်မာနိုင်ငံကနေ ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့တဲ့ ခရီးစရိတ်အနေနှင့် (၂) နှစ်တိုင်တိုင်လစာမဲ့ အလုပ်လုပ်ပေးခဲ့ရတယ် ငါးဖမ်းသင်္ဘောပေါ်မှာပဲ နေ့ညမနားငါးဖမ်းတော့ အစာရေစာမလုံလောက်တဲ့အတွက် အလုပ်သမားအချို့ အသက်သေဆုံးခဲ့ရတယ် အဲ့ဒီအလောင်းတွေကို ပင်လယ်ထဲ

ပစ်ချပါးစာ ကျွေးခဲ့ကြတယ်" ဟုပြောပြခဲ့သည်။ ယခုအချိန်တွင် (၉) နှစ်တိုင်တိုင် မိသားစုဇနီးတို့နှင့် အဆက်အသွယ်ပြတ်တောက်သွားပြီး အသက်ရှင်လျက် ပြန်လာသောထိုသူကို (ISSARA INSTITUTE) မှကူညီစောင့်ရှောက်ထားခဲ့ပြီး ယခုအချိန်တွင်မိသားစုနှင့် ပြန်လည်ပေါင်းစည်းနေထိုင်လျက်ရှိသည်။

၆၊၇၊၂၀၁၆ရက်နေ့ မနက်(၉း၀၀) တွင် Caritas Asia ၏ (Logical Frame Work) ယုတ္တိမူဘောင်ဇယားကို အခြေခံပြီး မဲခေါင်မြစ်ဝှမ်းဒေသတွင် လူကုန်ကူးမှု လျော့ကျစေရန်အတွက်

(၁) မဲခေါင်မြစ်ဝှမ်းဒေသတွင် နိုင်ငံတစ်ခုနှင့်တစ်ခု ပြောင်းရွှေ့သွားလာ နေသော ရွှေ့ပြောင်း လုပ်သားများအတွက် လုံခြုံမှုရရှိရန်၊ လူကုန်ကူးခြင်းများ မခံရစေရန် အကူအညီ ပေးနိုင်သော ဖုန်းနံပါတ်နှင့် လက်ကမ်းစာစောင်များ (နိုင်ငံအလိုက်နားလည်နိုင်သော ဘာသာစကားများဖြင့်) ထုတ်ပြန်ခြင်း။

(၂) မဲခေါင်မြစ်ဝှမ်းဒေသတွင်နိုင်ငံအလိုက် လူကုန်ကူးမှု တားဆီးကာကွယ်ခြင်း အတွက်ကလေးများ၊ လူငယ်များအား အသိပညာပေး ဆောင်ရွက်ခြင်း၊ ကက်သလစ်ဘာသာရေးခေါင်းဆောင်များအား လူကုန်ကူးမှုနှင့်ဆိုင်သော ပညာပေးသတင်းများ ပါးခြင်း၊ လူကုန်ကူးခြင်း မခံရစေရန် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ထောက်ပံ့ကူညီပေးခြင်း၊ (၃) မဲခေါင် မြစ်ဝှမ်းဒေသတွင် လူကုန်ကူးမှုအတွက် မူဝါဒနှင့် ဥပဒေများ အထပြောက်စေရန် ဆောင်ရွက်ခြင်း၊ လူကုန်ကူးခြင်းအလွယ်တကူခံရနိုင်သောလူများအား ကာကွယ်ပေးခြင်း၊လူကုန်ကူးခံနေရသောသူများကို ဥပဒေအကာအကွယ် အပြည့်အဝဆောင်ရွက်ပေးခြင်း၊ မဲခေါင်မြစ်ဝှမ်း ဒေသတွင်လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအတွက် (စီမံကိန်း အစီစဉ်များဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်း) နိုင်ငံအလိုက် တာဝန်ယူဆောင်ရွက်ရန်အစီအစဉ်များဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးကြီး ပြီးဆုံးသွားသောအခါ ဆရာတော် အိုက်ဇက်ဓနု၊ ဘုန်းတော်ကြီး မောရစ်ညွန့်ဝေနှင့် ဘုန်းတော်ကြီး Doroteo တို့မှ ကျေးဇူးတင်မစ္ဆားတရားပြုလုပ်ခဲ့ပြီး ညစာသုံးဆောင်ခြင်းနှင့် Culture Night တွင် လူငယ်ကော်မရှင်မှ ကချင်အကနှင့် Action Song အက၊ ယဉ်ကျေးမှုကျောင်း မှ ရှမ်းအက နှင့် ရန်ကုန်ရှိ ကယန်းလူငယ်အဖွဲ့မှ ကယန်းရိုးရာ ကြေးပတ်အကတို့ဖြင့် ဖျော်ဖြေတင်ဆက် ပြသခဲ့ကြသည်။

**မြန်မာကက်သလစ်လုံခြုံသောရွှေ့ပြောင်းသွားလာခြင်းနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးကွန်ယက်**
**ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ရုံး၊ စီဘီစီအမ်၊ ရန်ကုန်။**
**ဖုန်း- ၀၉၇၉၉၆၄၉၄၂၆**

# ငြိမ်းချမ်းခြင်းနှင့်တရားမျှတခြင်းကော်မရှင်(JP)၏အစည်းအဝေး

ငြိမ်းချမ်းခြင်းနှင့်တရားမျှတခြင်းကော်မရှင်၏ နောက်လာမည့်လုပ်ငန်းများနှင့် ပတ်သက်သောအစည်းအဝေးကို ၂၉၂(က) ပြည်လမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ဆရာတော်ကြီးများကျောင်းတိုက်တွင်ပြုလုပ်ခဲ့ပါသည်။၎င်းအစည်းအဝေးကို ငြိမ်းချမ်းခြင်းနှင့်တရားမျှတခြင်းကော်မရှင်၏ နာယကဆရာတော်ကြီး ရေမွန်စောဖိုးရေ၏လမ်းညွှန်မှုနှင့်အတူ ရှေ့လာမည့်လုပ်ငန်းစဉ်များအတွက် ပြင်ဆင်သည့်အနေဖြင့်ပြုလုပ်ခြင်းဖြစ်သည်။ အစည်းအဝေးသို့ ဖာသာရ်သောမတ်စ် (National director of CBCM-JP)၊ ဦးအာလမ်စောဦး(ကရင်နှစ်ခြင်းအသင်းတော်)၊ MCC၏အတွင်းရေးမှူး Rev.Mark Palmerstonနှင့် လက်ထောက်အတွင်း ရေးမှူး Mai Kay Thi Min Din တို့ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထိုအစည်းအဝေးတွင် JPနှင့်MCCတို့ ပူးပေါင်းပြီး ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နိုင်မည့်အရာများ၊ ငြိမ်းချမ်းရေးကိုလုပ်ဆောင်နေသော CSO အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နိုင်မှုများ၊ K.D.N (Karen Development Network) အဖွဲ့များ၏ လုပ်ဆောင်ချက်များကိုဆွေးနွေးခဲ့သည့်အပြင် နောက်လာမည့်အစည်းအဝေးတွင် Resource Persons များနှင့်ပြန်တွေ့ဆုံနိုင်ရန်ကိုလည်း တိုင်ပင်ဆွေးနွေးခဲ့ကြသည်။**(JP-Commission)**

# HIV/AIDS၊ လူသားနှင့်လိင်ပိုင်းဆိုင်ရာ အလုပ်ရုံအစည်းအဝေးနှင့်သင်တန်း

မြန်မာကက်သလစ် HIV/AISD ကွန်ယက် (MCHAN) မှ Mary Knoll ၏ ပညာသင်စရိတ်ပံ့ပိုးပေးသော ကျောင်းသားများအား ဇွန်(၂၆)ရက်၊ ဇူလိုင်(၃)ရက်နှင့်(၁၀)နေ့တို့တွင် သင်တန်းပေးခဲ့ပါသည်။ ထိုသင်တန်းတွင် ကျောင်းသူကျောင်းသား(၃၁)ယောက် ပါဝင်တက်ရောက်ခဲ့ပါသည်။

HIV/AIDS ပညာပေးခြင်း အစီအစဉ်ကို ဇွန်လ (၂၆) ရက်တွင် သင်တန်းသားတို့၏ သင်တန်းအပေါ်မျှော်လင့်ချက်၊ HIV/AIDS အကြိုစမ်းသပ်မေးခွန်းများ မေးခြင်း အုပ်စုဖွဲ့၍ဆွေးနွေးခြင်း၊ HIV/AIDSကူးစက်သောနည်းလမ်း၊ ကာကွယ်သောနည်းလမ်းများ တင်ပြခြင်းများပြုလုပ်ခဲ့ပါသည်။

လူသားနှင့်လိင်ပိုင်းဆိုင်ရာ အစီအစဉ်ကို ဇူလိုင်(၃)ရက်တွင် လူ၏ခန္ဓာဗေဒအကြောင်း စမ်းသပ်မေးခွန်းများမေးခြင်း မိမိကိုယ်ကိုတန်ဘိုးထားခြင်း၊ မိမိကိုယ်ကိုကာကွယ်တတ်ရန်နှင့် အသင်းတော်၏



သွန်သင်ချက်များပါဝင်ဆွေးနွေးခဲ့ပါသည်။

ဇူလိုင်လ(၁၀)ရက်တွင် အချစ်နှင့်ပတ်သက်သော အချစ်၏အစိတ်အပိုင်းများ၊ အချစ်၏ဖွံ့ဖြိုးမှုအဆင့်ဆင့်၊ အစရှိသော အကြောင်းအရာများကို တင်ပြဆွေးနွေးခဲ့ပါသည်။

သင်တန်းတက်ရောက်သူများမှလည်း သိလိုသောမေးခွန်းများကို မေးမြန်းကြရာ သင်တန်းပို့ချပေးသူများဖြစ်သော မဂျူလီယာ၊ မဂျူလီအာနားနှင့် မဟေမာလွင်တို့မှ ပြန်လည်ဖြေကြားပေးခဲ့ပါသည်။

**Elizabeth ဟေမာလွင်(MCHAN)**

# စင်္ကာပူရောက်မြန်မာကက်သလစ်မိသားစု၏သနားကြင်နာခြင်းနှစ်အတွက်အထူးဘုရားဖူးခရီးစဉ်

စင်္ကာပူနိုင်ငံတွင် ရောက်ရှိနေကြသော မြန်မာကက်သလစ်မိသားစု MCCS ၏ The Holy Jubilee year of Mercy သနားကြင်နာခြင်း ဂျူဘီလီနှစ်အတွက် အထူးဘုရားဖူးခရီးစဉ်ကို ဇူလိုင်လ(၁၀)ရက် တနင်္ဂနွေနေ့က ဘုရားဖူးလူဦးရေ(၁၂၀)ကျော်နှင့် Holy door ရှိသော ဘုရားကျောင်းများသို့ ကားသုံးစီးဖြင့်သွားရောက်ဘုရားဝတ်ပြုခဲ့ကြပါသည်။ ထိုသို့သွားရောက်နိုင်ရန် အလှူငွေများကို နှစ်ရက်တာကြိုတင်ကောက်ခံထားခြင်း ဖြစ်ပါသည်။ ၎င်းMCCS မိသားစုသည်Church of Risen Christ , Church of St.Vicent De Paul, Church of Divine Mercy, Church of Holy Cross နှင့် Church of Sacred Heart စသည့် ဘုရားကျောင်းများသို့ နံနက်(၉)နာရီမှ ညနေ(၂)နာရီအထိ သွားရောက်ဘုရားဖူးခဲ့ပါသည်။

နေ့လည်စာကို အော်ဒါမှာယူကျွေးမွေးခဲ့သည်။ ထို့နောက် ဘုရားဝတ်ပြုခြင်း အစီအစဉ်ကို စိန့်ဂျိုးဇက် အသင်းဂိုဏ်းမှ စစ္စတာရ် မာရီးယားဂေါ်ရက်တီက သနားကြင်နာခြင်းဂျူဘီလီနှစ် မေတ္တာစာဆိုခြင်း၊ ကိုယ်တော်မြတ်ဖူးမြော်ခြင်း အစီအစဉ်၊ တစ်ဦးချင်းစီ၏ ရည်ရွယ်ချက်အတွက် ဆုတောင်းခြင်းနှင့်အတူ သီချင်းတစ်ပုဒ်သီဆိုကာ ထိုဘုရားကျောင်း (၅)ကျောင်း၌ ဝတ်ပြု ဆုတောင်းခဲ့ကြပါသည်။ အဆုံးသတ်အနေဖြင့် ပုံမှန်မြန်မာမစ္ဆားတရားတော်မြတ်ကို ညနေသုံးနာရီအချိန်တွင် Church of Immaculate Heart of Mary ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ခဲ့ပြီးThe Holy Jubilee Year of Mercy သနားကြင်နာခြင်း ဂျူဘီလီနှစ်အတွက် စင်္ကာပူနိုင်ငံရောက် မြန်မာကက်သလစ်မိသားစု MCCS၏ သနားကြင်နာခြင်းဂျူဘီလီနှစ် အထူးဘုရားဖူးခရီးစဉ်ကို အောင်မြင်စွာ အဆုံးသတ်ခဲ့ကြောင်း MCCS ၏ အတွင်းရေးမှူး မခရစ်စတင်းနီလာက သတင်းပေးပို့သည်။ **(R.V.A)**



# ကိုလန်ဘန်ပညာဒါနကျောင်းစတင်ခြင်း

**ဗန်းမော်သာသနာ**

ကိုလန်ဘန်ပညာဒါနကျောင်းကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ် အတွက် ဇူလိုင်လ(၄)ရက် ၂၀၁၆ တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ အခြေအနေ အမျိုးမျိုးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်ခဲ့သော လူငယ်မောင်မယ်များ စိတ်လေလွင့်ခြင်း၊ စိတ်အားငယ်ခြင်း မဖြစ်ရလေအောင်နှင့် လူငယ်များကိုအစဉ်အမြဲသွေးဆောင်လျက်ရှိသော မူးယစ်ဆေးဝါး၏သားကောင်များမဖြစ်ရန် ဟူသောရည်ရွယ်ချက်နှစ်ရပ်ဖြင့် ထိုစာသင်ကျောင်းကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

ဤကိုလန်ဘန်ပညာဒါနကျောင်းကို ၂၀၁၄-၁၅ ပညာသင်နှစ်မှစတင်ခဲ့ပြီး ၎င်းနှစ်တွင်တက်ရောက်သူများထဲမှ(၅)ဦး၊ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် တက်



ရောက်သူ(၄၆) ဦးမှ (၁၅)ဦး၊ အောင်မြင်ခဲ့သည်။ ယခုနှစ် ၂၀၁၆-၁၇ ပညာသင်နှစ်အတွက်တက်ရောက်သူဦးရေမှာ(၁၀၅)ဦး ရှိကြောင်း သိရသည်။

ဤကိုလန်ဘန်ပညာဒါနကျောင်းသို့အစိုးရအထက်တန်းကျောင်းများရှိ ဆရာ/ဆရာမများ(၂၀)ဦးတို့မှ ပညာဒါန အလှူသက်သက်ဖြင့် နေ့စဉ်နံနက်(၇)နာရီမှ ညနေ(၅)နာရီအထိ လာရောက်တာဝန်ယူသင်ကြားပေးခြင်းဖြစ်သည်။ တာဝန်ခံကျောင်းအုပ်အနေဖြင့်ဆရာမဒေါ်ဖေါ်ဒေါ်ဘောက်ဆန်းမှ အုပ်ထိန်းလျက်ရှိသည်

အခမ်းအနားသို့ ဆရာတော်ရေမွန်ဆွမ်လွတ်ဂမ်တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ပါသည်။ ကျောင်းထိုင်ဘုန်းတော်ကြီး၊ စစ္စတာရ်များ၊ ဆရာ/ဆရာမများနှင့် ကျောင်းသူ/ကျောင်းသားများ စုစုပေါင်း(၁၀၀)ဦးခန့် အခမ်းအနားသို့ တက်ရောက်ခဲ့ပါသည်။ ထို့နောက် နံနက်စာဖြင့်တည်းခင်းဧည့်ခံ ကျွေးမွေးပြီး ပညာဒါန ကျောင်းဖွင့်လှစ်ခြင်း အခမ်းအနားကို အဆုံးသတ်ခဲ့ပါသည်။ တက်ရောက်သူကျောင်းသူ/သားများအနေဖြင့် တစ်နှစ်လုံးအတွက် သုံးသောင်းကျပ် တိတိသာလျှင် ထည့်ဝင်ရကြောင်း သိရသည်။ **ဖာသာရ်တူးဂျာ (Banmaw-Osc)**

# ဗန်းမော်ဂိုဏ်းအုပ်သာသနာအကျိုးဆောင်အဖွဲ့ရုံးဖွင့်လှစ်ခြင်း

၂၀၁၆ခုနှစ် ဇူလိုင်(၂)ရက်၊နံနက်(၈)နာရီတွင် ဗန်းမော်ဂိုဏ်းအုပ် သာသနာလုံးဆိုင်ရာ ဂိုဏ်းအုပ်သာသနာ့ အကျိုးဆောင်အဖွဲ့ရုံးကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရုံးကို ဆရာတော်ဘုရားမှ ကောင်းချီးပေးဖွင့်လှစ်ခဲ့ပြီး သာသနာ့အကျိုးဆောင်ကော်မတီအဖွဲ့အပါအဝင် ဘာသာတူဦးရေ (၅၀) ခန့် တက်ရောက်ခဲ့ပါသည်။

၂၀၀၆ ခုနှစ် နိုဝင်ဘာလ(၁၇) နေ့မှစတင်၍မွေးဖွားလာခဲ့သော ကက်သလစ်အသင်းတော် ဗန်းမော်ဂိုဏ်းအုပ်သာသနာတော်ကြီးသည် သိုးထိန်းဆရာတော်ရေမွန်ဆွမ်းလွတ်ဂမ်၏ ဦးဆောင်မှုနှင့်အတူ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ၂၀၁၂မှ ၂၀၁၄ အထိ ဗန်းမော်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ အစည်းဝေးများ အကြိမ်ကြိမ် ပြုလုပ်ပြီးနောက် ၂၀၁၄ခုနှစ် မတ်လ(၂၅)ရက်မှ (၂၈) အထိ ကက်သလစ်အသင်းတော် ဗန်းမော်ဂိုဏ်းအုပ်သာသနာလုံးဆိုင်ရာ စုံညီ အစည်းအဝေးကြီးကို ကျင်းပနိုင်ခဲ့ပါသည်။ ထိုအစည်းအဝေးကြီးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သော လုပ်ငန်းစဉ်ဗျူဟာအတိုင်း ဗန်းမော်ဂိုဏ်းအုပ်သာသနာသည် ရှေ့သို့ဆက်လျှောက်လှမ်းလျက်ရှိကြောင်းသိရသည်။

**ဖာသာရ်တူးဂျာ (Banmaw-Osc)**




## မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာလှုပ်ရှားမှု

ယနေ့ကချင်ပြည်နယ်တွင် မူးယစ်ဆေးဝါးပြဿနာကြီးထွားလျက်ရှိရာ အရပ်ဘက်နှင့်အသင်းတော်ဘက်မှ ၎င်းမူးယစ်ဆေးဝါးပြဿနာ ကင်းရှင်းရေးအတွက် တတ်နိုင်သရွေ့ ပါဝင်ပြီး မူးယစ်ဆေးဝါးနှင့်ပက်သက်သော အမြင်ဖွင့်သင်တန်းများ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို လုပ်ဆောင်လျက်ရှိသည်။ ၂၀၁၄ခုနှစ်မှ ၂၀၁၆ခုနှစ်အထိ (၂)နှစ်တာလုပ်ငန်းကို လွန်ခဲ့သောလတွင်ပြုလုပ်ရာ ကက်သလစ်အသင်းတော် ဗန်းမော်ဂိုဏ်းအုပ်သာသနာအနေဖြင့် အမြင်ဖွင့်သင်တန်းများ လုပ်ရာတွင်(၈)ကြိမ်မြောက်ပြီဖြစ်ရာ လူဦးရေ(၄၈၀)ဦး၊ ဟောပြောပွဲ (၂)ကြိမ်ပြုလုပ်ရာတွင် လူဦးရေ(၈၆၀)ဦးနှင့် လူဦးရေ (၁၅၀၀၀)အတွက် လက်ကမ်းစာစောင်သုံးကြိမ်တိတိ ဖြန့်ဝေခဲ့ကြောင်း ဗန်းမော်ဂိုဏ်းအုပ်သာသနာ မူးယစ်ဆေးဝါးပပျောက်ရေးကော်မတီ ဒုဥက္ကဋ္ဌ ဖာသာရ်ပါစကားတူးဂျာ မှ ရှင်းလင်းတင်ပြခဲ့ပါသည်။ **ပန်စွန်(Banmaw-OSC)**

# သာသနာ့ဗဟိုအကျိုးဆောင်အသစ်ပြန်လည်ရွေးချယ်

**လားရှိုးသာသနာ**



ဇူလိုင်လ (၉)ရက်နေ့ နံနက် (၀၈ း ၃၀) မှ မွန်းတည့် (၁၂ း ၀၀) နာရီအထိ လားရှိုးမြို့၊ ရပ်ကွက်(၂)၊ ယေဇူးရှွေနှလုံးတော်ဘုရားကျောင်းတွင် လားရှိုးသာသနာလုံးဆိုင်ရာ ဗဟိုအမှုဆောင်အသစ်များအား ပြန်လည်ရွေးချယ်ခဲ့ပါသည်။ အဖဆရာတော်ဖိလစ်ဇဟောင်းနှင့်တကွ တိုက်နယ်အသီးသီးမှ ကျောင်းထိုင်ဘုန်းတော်ကြီးများ၊ သီလရှင်များနှင့် ဘာသာဝင်ကိုယ်စားလှယ်များအားလုံး (၇၀)ဦးခန့် အကျိုးဆောင်အသစ် ရွေးချယ်ခြင်းအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ပါသည်။ လားရှိုးသားသနာ၏ ဗဟိုအကျိုးဆောင်အဖွဲ့ဝင်အသစ်များမှာ ဦးသောင်းနိုင် (ဥက္ကဋ္ဌ)၊ ဆရာဦးအယ်ဒီ (ဒု ဥက္ကဋ္ဌ)၊ ဦးနော်မန်ရွှေ (အတွင်းရေးမှူး)၊ ဆရာဂျော်နီအောင်မိုင် (တွဲဖက် အတွင်းရေးမှူး)၊ ဒေါ်ထွယ်လိန် (ဘဏ္ဍာထိန်း)၊ ဒေါ်ထုရော် (စာရင်းကိုင်)၊ ဒေါ်မေရီခေါန် (လုပ်ငန်းစီစစ်-၁)၊ ဦးလင်းနိ (လုပ်ငန်းစီစစ်-၂)၊ ဒေါ်အန်းဂျလာ (လုပ်ငန်းစီစစ်-၃)နှင့် တိုက်နယ်အသီးသီးမှအကျိုးဆောင် ဥက္ကဋ္ဌများ (ဗဟိုအကျိုးဆောင်အဖွဲ့ဝင်)များဖြစ်ကြပါသည်။

ရွေးချယ်ခံရသော ဗဟိုအကျိုးဆောင်အဖွဲ့ဝင်များက အခမ်းအနားတွင် ပါဝင်ကြသော အဖဆရာတော်ဘုရား၊ ရဟန်း၊သီလရှင်များနှင့် ဘာသာဝင်လူကြီးများရှေ့တွင် ပေးအပ်သော တာဝန်များကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတော်အားဖြင့် အကောင်းဆုံးကြိုးစားဆက်ကပ်မည်ဟု ကတိပြုသစ္စာဆိုခဲ့ကြကြောင်း တာဝန်ခံ Fr. George La Ring ထံမှသိရှိရပါသည်။

# မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဓမ္မတေး သီချင်းဆိုပြိုင်ပွဲ ဗဟိုအဆင့်

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဓမ္မတေး သီချင်းဆိုပြိုင်ပွဲ တတိယအဆင့်(ပ) ကြော့ပြိုင်ပွဲကို ဇူလိုင်လ(၁၆)ရက်နေ့ ရန်ကုန်မြို့ အင်းစိန် စိန်ပီတာ စိန်ပေါလ်ဘုရားကျောင်းတွင် နံနက်(၁၀)နာရီ ကျင်းပ ပြုလုပ်ခဲ့ကြပါသည်။



ပြိုင်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ လူထု ဆက်သွယ်ရေးနှင့် ပြန်ကြားရေး ဒါရိုက်တာ ဖာသာရ် လေအို၊ မန္တလေး သာသနာ လူထုဆက်သွယ်ရေးနှင့် ပြန်ကြားရေးရုံးမှ ဒါရိုက်တာ Fr.Henry Bran Mai, စစ္စတာရ်ဆေးဖော၊ ဗန်းမော်သာသနာ လူထုဆက် သွယ်ရေးနှင့် ပြန်ကြားရေးရုံးမှ Fr.တူးဂျာ၊ အမှတ်ပေး ဒိုင်လူကြီးများအဖြစ် ကက်သလစ် အနုပညာရှင်များ အဖွဲ့မှဦးဆေရယ်၊ ဒေါ်နွဲ့ယဉ်ဝင်း၊ဦးရယ်ဂျီ၊ အစီအစဉ် တင်ဆက်သူအဖြစ် နိုင်ငံကျော် အဆိုတော်တေး သံရှင်ဆိုင်းနော်တို့နှင့်အတူ ဖိတ်ကြားထားသော ဧည့်သည်တော်များ ပါဝင်ခဲ့ကြပါသည်။

အဆိုပါပြိုင်ပွဲတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးဂိုဏ်းချုပ် သာသနာ ဒုတိယအဆင့် ပြိုင်ပွဲမှ ရွေးချယ်ခံ ထားရသူ (စုစုပေါင်း ၃၀)ဦးထဲမှ (၂၉)ဦးသည် တတိယအဆင့် (ပ)ကြော့ပြိုင်ပွဲကိုဝင် ရောက် ယှဉ်ပြိုင်ခဲ့ရာ တတိယအဆင့် (ဒု) ကြော့သို့ တက်ရောက်ရန် (၁၀)ဦးကို ပြန်လည် ရွေးချယ်ခဲ့ရာ ပြည်သာသနာမှ မောင်ဆလိုင်းလ သွေးဥာဏက (၂၅)မှတ်၊ တောင်ငူသာသနာမှ မောင်အင်ဒြူးက(၂၅)၊ လားရှိုးသာသနာမှ မောင်ရော်ဘင်က(၂၅)မှတ်၊ မန္တလေးသာသနာမှ မောင်ဖိုးလုံးက(၂၄)မှတ်၊ ပုသိမ်သာသနာမှ မောင်စနောဇေ(၂၄)မှတ်၊ တောင်ငူသာသနာမှ မမေရီက(၂၄)မှတ်၊ ရန်ကုန်သာသနာမှ မောင်ကောင်းက(၂၄)မှတ်၊ ပုသိမ်သာသနာမှ မဆိုဖီယာ နန့်လှမြတ်မွန်က(၂၃)မှတ်၊ ဗန်းမော်သာသနာမှ မောင်ဂျွန်ဇော်ရိန်အောင်က (၂၂)မှတ်၊ မန္တလေးသာသနာမှ မအက်စ်ဆိုင်းနူးပန်က (၂၁)မှတ်တို့ဖြင့် အဆင့်(၄)သို့ ထပ်မံတက်ရောက်ရန် ရွေးချယ်ခံခဲ့ရပါသည်။

အဆင့်(၄)သို့ရွေးချယ်ခံခဲ့ရသောပြည်သာသနာမှ မောင်ဆလိုင်းလသွေးဥာဏ ၏ ခံစား ချက်ကို မေးမြန်းခဲ့ရာ "စပြိုင်ကတည်းက ဘုရားနဲ့ အတူပြိုင်ပွဲဝင်ခဲ့တာပါ။ ကိုယ့်ရဲ့အစွမ်းအစထက် ဘုရားရဲ့ကျေးဇူးတော်ကြောင့်လို့ ယုံကြည်ပါတယ်။ ဘုရားနဲ့ အတူ ကြိုးစားခဲ့ပါတယ်။ လေ့ကျင့်မှုကတော့ ဒုတိယအဆင့်ပြိုင်ပွဲ ပြည်သာသနာမှာ ပြုလုပ် ကတည်းက ပြည်သာသနာ ဘုန်းဘုန်းချစ်သိန်းက ရွှေတောင်ကနေ Vocal Tranning အတွက် ဆရာချစ်ကို ခေါ်ပေးပြီး လေ့ကျင့်ပေးခဲ့တယ်။ သေသေချာချာ အသေးစိတ် သင်ပြပေးခဲ့တယ်။ ပြည်သာသနာကနေ တတိယအဆင့်ကို ပြန်လည် ရွေးချယ်ခံတဲ့ အခါမှာ ကျနော်တစ်ယောက်ပဲ ပါဝင်ခဲ့တယ်။ အခု တတိယအဆင့် (ဒု)ကြော့ ကိုလည်း ထပ်မံတက်ရောက်ဖို့ ရွေးချယ်ခံရတာလည်း ဘုရားကျေးဇူး တော်ပါပဲ။ တေး သီချင်းတွေနဲ့ ပတ်သတ်ပြီး ဘယ်လောက်ထိ စိတ်ဝင်စားမှုရှိလဲ ဆိုတဲ့ အပေါ်မှာတော့ ငယ်ငယ်လေးထဲက စိတ်ဝင်စားခဲ့ပါတယ်။ နောက်ရန်ကုန်ကိုကျောင်းတက်ဖို့ပြောင်းလာ ချိန်မှာတော့ သီချင်းတွေကိုအရမ်းစိတ်ဝင်စား လာတယ်။အဲဒီမှာကိုယ်တိုင်ဆိုချင်စိတ် လည်း ဖြစ်လာတယ်။ အဆိုတော်တွေဆိုထားတဲ့ အသံကို နားထောင်ပြီး ဆိုချင်စိတ်ပေါက်လာ တယ်။ ကောင်းတဲ့ အဆိုရှင် တစ်ယောက် ဖြစ်ချင်လာတယ်။တိုက်တိုက်ဆိုင်ဆိုင်ပဲဘုရား သခင်က ဒီလမ်းကို ဖွင့်ပေးလာပါတယ်။



ကက်သလစ်လူထု ဆက်သွယ်ရေးရုံးကနေ ပြိုင်ပွဲကျင်းပ ပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။အဲဒီအဖွဲ့အစည်းကနေ ပြုလုပ်ပေးလို့ ယှဉ်ပြိုင်ခွင့် ရခဲ့တာပါ။ ပြီးတော့ ကက်သလစ်တေးသံရှင်တွေ အရမ်းနည်းတော့ ဒီလိုပြိုင်ပွဲတွေ လုပ်ပေးခြင်းကအရမ်းကောင်းပါတယ်။ ဘုရားအလိုတော်နှင့်လည်း ညီတယ်လို့ ထင် ပါတယ်။ ဒိုင်လူကြီးများကလည်း အတွေ့အကြုံပြည့်ဝပြီး သေသေချာချာ အကဲဖြတ် အမှတ်ပေးခဲ့တာကို တွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ လိုအပ်ချက်ကို ပြောပြပေးတဲ့ အခါမှာ လိုအပ်တာတွေကို ထပ်မံပြင်ဆင်ဖို့ သူတို့ရဲ့အဖိုးတန်တဲ့ အကဲဖြတ်အမှတ် ပေးမှုတွေကြောင့် နောက်ပြိုင်ပွဲတွေမှာ အမှားနည်းအောင် ကိုယ့်ရဲ့အားနည်းချက်ကို ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာကိုလည်းသိခွင့်ရခဲ့တယ်။ အဆိုတော်တွေ အားလုံး ကို သဘောကျပါတယ်။ ကိုယ်ဆိုမယ့်အခါမှာလည်း မူရင်း အဆိုရှင်သီဆိုထားတဲ့ ပုံစံကို သေချာနားထောင်တယ်။ မူရင်း အဆိုရှင်က ဘယ်နေရာမှာ ဘယ်လိုခံစားပြီး သီဆိုထားလဲကိုယ့်အလှည့်ကျရင်ရောကိုယ့်ကိုယ်ပိုင်ဟန်နဲ့ဘယ်လိုမျိုးလေးလှအောင် ဆိုမလဲ ဆိုပြီးတော့ အမြဲတွေးတယ်။



ဒီပြိုင်ပွဲမှာ ယှဉ်ပြိုင်ခဲ့တဲ့ ကိုဆိုင်းနော်ရဲ့သီချင်းကိုလည်း နလုံးသားနဲ့ခံစားပြီး ဆိုခဲ့တာပါ။ သူ့ အသံကလည်း အရမ်းကောင်းတဲ့အတွက်၊ ကျွန်တော့်အသံနဲ့လည်းလိုက်မယ်ထင်လို့ ရွေး ချယ်သီဆိုခဲ့တာပါ။ ဆက်လက်ပြီး ပြိုင်ပွဲမှာ ရွေးချယ် မခံရသူများနှင့် လာရောက် ယှဉ် ပြိုင်ခြင်း မပြုနိုင်ခဲ့ကြသော ဝါသနာတူညီအစ်ကိုမောင်နမများ ကိုလည်း "ကိုယ့်ရဲ့ ကိုယ်ပိုင် အစွမ်းအစကို ယုံကြည်ပြီး ဘုရားကိုတကယ်ကိုးစားပါ။ အောင်မြင်မှုဆိုတာက ဘုရားသခင် ဆီက လာတာပါ။ ဒါကြောင့် ဘုရားကို ဆုတောင်းပြီး ဆက်ကပ်ပါ။ ဘုရားသခင် မတတ်နိုင် မရှိတဲ့အတွက်ကြောင့် သူကအကုန်လုံးကို လမ်းပြပေးပါလိမ့်မယ်။ဒါကြောင့်မို့ ကိုယ်တကယ် ဝါသနာပါတဲ့အရာကို ဆက်ကြိုး စားပါလို့ အားပေးစကားကို ပြောခဲ့ပါသည်။

မောင်ဆလိုင်းလသွေးဥာဏသည် လက်ရှိမှာ အသက်(၁၇)နှစ်ကျော်ဖြစ်ပြီးရန်ကုန် ဆေး တက္ကသိုလ်(၂)တွင် ပထမနှစ် (MBBS)ကို တက်ရောက် နေသည်ဟု သိရှိ ရပါသည်။

တေးသံရှင် ဆိုင်းနော်မှလည်း " ပါဝင်ယှဉ်ပြိုင်သွားတဲ့သူတွေ အားလုံးက သာသနာ အသီးသီးကနေ အဆင့်ဆင့် ဖြတ်ကျော်ပြီးမှ ဒီအဆင့်ထိ တက်လာကြတာဖြစ်တဲ့အတွက် အားလုံးကောင်းပါတယ်။ ပြိုင်ပွဲဆိုတာ ဖြစ်တဲ့အတွက် အနိုင်အရှုံးဆိုတာတော့ ရှိမှာပဲလေ။ ဒါကြောင့် ကိုယ့်ထက် ပိုကောင်းတဲ့သူက နိုင်တာဆိုတော့ ရှုံးတဲ့သူအနေနဲ့ကလည်း အားမငယ်ပါနဲ့။ ဒီပွဲမှာ မနိုင်ပေမဲ့ ဒီအဆင့်ထိ တက်လာပြီဆိုမှတော့ သူတို့ကို အကိုတို့သိ သွားပြီ၊ တွေ့သွားပြီ ဘယ်သူတွေက အရည်အချင်း ရှိလဲဆိုတာ သိသွားတဲ့အတွက် ဒါဟာ သူတို့အားလုံးအတွက် အခွင့်အရေးတစ်ခုပါလို့ ပြောချင်ပါတယ်။နောက်ပြိုင်ပွဲဝင်တဲ့ အခါမှာ ပြိုင်ပွဲအကြောင်း သိထားဖို့ လိုပါတယ်။ ကိုယ့်အသံ ဘယ်လိုရှိလဲ၊ ဘယ်လိုသီချင်းမျိုးနဲ့ လိုက်လဲ၊ကိုယ်ကြိုက်တာထက် ကိုယ်နဲ့လိုက်မယ့် သီချင်း၊ ကိုယ်ကျွမ်းကျင် ပိုင်နိုင်တဲ့ သီချင်း ကို ရွေးချယ်ပြီးမှ ပြိုင်စေချင်တယ်။ လာပြိုင်တဲ့အခါမှာ သီချင်းကို ကိုယ်က ပိုင်ပိုင် နိုင်နိုင်နဲ့ ပါဖောမန့်ပြရတယ် မပြရဘူး ဆိုတာထက်ကို သီချင်းကို အကောင်းဆုံး လေ့ကျင့်ထားတာက အကောင်းဆုံးလို့ ပြောချင်ပါတယ်ဟု သီချင်းဆိုပြိုင်ပွဲနဲ့ ပတ်သက်ပြီးသိထားသင့်သည့် လုပ် ဆောင်သင့်သည်များကို ပြောပြခဲ့ပါသည်။

အမှတ်ပေး ဒိုင်လူကြီးအဖြစ် ပြုလုပ်ပေးခဲ့သော တေးရေး/တေးဆို ဦးCYRIL မှလည်း "ရစေချင်တာကတော့ အားလုံးပေါ့နော်။ဒါပေမဲ့လည်း ပိုကောင်းတဲ့သူတွေက ရသွားတာပေါ့။ ကိုယ်တတ်တဲ့ပညာကို နည်းနည်းလေးတတ်ထားရုံ မဟုတ်ဘဲနဲ့ များများ သင်ယူ လေ့လာ ဖို့လိုတယ်။ ဒီထဲကို သေချာ စိတ်ဝင် စားဖို့လိုတယ်။ဒါမှလည်း အန်ကယ်တို့အနေနဲ့ လက်ဆင့်ကမ်းပေးလို့ရမှာဖြစ်တယ်။ အန်ကယ်တို့နဲ့တွဲပြီး လုပ်ဆောင်လို့ရမှာ ဖြစ်တယ်။ သူတို့ကို Music နဲ့ပတ်သက်ပြီး တကယ့်ကို စိတ်ဝင်စားစေချင်တယ်။ ကိုယ့်ကက်သလစ်သာသနာကနေ အဆိုတော်တွေများများ ထွက်ပေါ်စေချင်တယ်"ဟု ပြောပြခဲ့ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ် တေးသီချင်းဆိုပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် ကက်သလစ်လူထုဆက်သွယ်ရေးနေ့၏ နှစ်(၅၀)ကြိမ်မြောက်ကို ဂုဏ်ပြုသောအားဖြင့် အနုပ ညာရှင်များသည် လုပခြင်းကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်သောသူများ၊ လူသားထုအတွက် မျှော်လင့်ချက်၏ သက်သေခံသူများ၊ကြေညာ ဟောပြောသူများဖြစ်ကြောင်းကို နလုံးမူကာ ဘုရားသခင်၏ ဘုန်းတော်နှင့် အများအကျိုး သယ်ပိုး ဆောင်ရွက်နိုင်စွမ်းရှိသည့် ကက်သလစ် အနုပညာရှင်များစွာ ထွက်ပေါ်လာစေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ပေးခြင်းဖြစ်သည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်လူထု ဆက်သွယ်ရေး ဒါရိုက်တာ Fr.Leo(SDB) က ပြောကြားခဲ့ပါသည်။ **Pinky (MDY-Osc)**

# "TRINITÀ STAR" သီချင်းဆိုပြိုင်ပွဲ စတုတ္ထအဆင့်ကျင်းပခြင်း



TRINITÀ STAR" သီချင်းဆိုပြိုင်ပွဲ Top FIVE ရွေးချယ်ခြင်း အဆင့်(၄)ကို (၂၄၊၇၊၂၀၁၆)ခုနှစ်၊ နံနက် (၁၀)နာရီ St. Peter and Paul ဘုရားကျောင်းတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ သီချင်းဆိုပြိုင်ပွဲသို့ ရန်ကုန်ဂိုဏ်းချုပ် သာသနာလက်ထောက်ဆရာတော် ဂျွန်စောယောဟန်၊ရဟန်းတော်များ၊ ကိုရင်၊ သီလရှင်များနှင့်ဘာသာဝင်များက ကိုယ်တိုင် တက်ရောက်ကာ ပွဲအစမှသည်အဆုံးထိ တိုင်အောင် အားပေးခဲ့ပါသည်။

အစီအစဉ်ကို ဘုန်းတော်ကြီးချစ်သိန်း(ပြည်သာသနာ)ကဆုတောင်းပေးကာ မြန်မာနိုင်ငံ ကက်သလစ်လူထုဆက်သွယ်ရေးတာဝန်ခံ ဘုန်းတော်ကြီးလီအိုမန်က "ကမ္ဘာ့လူထုဆက်သွယ်ရေးကော်မရှင်၏နှစ်(၅၀)ပြည့်အထိန်းအမှတ်အတွက်နှင့် မြန်မာပြည်ကက်သလစ်လူငယ်မောင်မယ်များ အထဲမှဂီတအနုပညာအရည်အချင်းပြည့်ဝသောသူများပေါ်ထွက်လာစေရန်ရည်ရွယ်လျက်သီချင်းဆိုပြိုင်ပွဲပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ သီချင်းဆိုပြိုင်ပွဲကိုအဆင့်ကြီးငါးဆင့်ခွဲထားကြောင်း၊ ပထမအဆင့်မှာ သာသနာအသီးသီးမှသည် ဂိုဏ်းချုပ်သာသနာသို့လည်းကောင်း၊ ဂိုဏ်းချုပ်သာသနာမှသည် တစ်နိုင်ငံလုံးဆိုင်ရာအဆင့်အတွက် ဆန်ကာတင်အဆင့်ဆင့်များကိုပြုလုပ်ပေးကာ နောက်ဆုံး (၅)ဦးအထိ ရွေးချယ်ခဲ့ကြဖြစ်သည်။ နောက်ဆုံးအဆင့်ပြိုင်သောအခါတွင်လည်း တက်ကြွစွာဖြင့်





သီချင်းဆိုပြိုင်ပွဲကို လာရောက်အားပေးပါသော ရန်ကုန်ဂိုဏ်းချုပ်သာသနာလက်ထောက်ဆရာတော်ဂျွန်စောယောဟန်က "ဒီနေ့သီချင်းဆိုပြိုင်ပွဲမှာ ပထမရတဲ့သူရှိသလို ဒုတိယ၊တတိယ စသဖြင့် အဆင့်ဆင့်တွေရကြမယ်။ ဘယ်မှာပဲရ အဓိကမဟုတ်ပါဘူး။ အရေးကြီးတာက ကျွန်ုပ်တို့သီဆိုတဲ့ သီချင်းများကို ကြားရတဲ့သူတွေအတွက် အတိုင်းအတာတစ်ခုအထိ ဝိဉာဏ်ခွန်းအားတွေကိုရရှိစေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘုရားပေးတဲ့ ကိုယ့်ရဲ့ကျေးဇူးတော် အသံလေးတွေနှင့် ဘုရားသခင်ကို အမြဲတမ်းချီးမွမ်းနိုင်မယ့် သားငယ် သမီးငယ်များဖြစ်နိုင်ပါစေလို့ ဆုတောင်းပေးတယ်၊ မေတ္တာပို့သပေးတယ်၊ ဆက်ပြီးတော့လည်းကြိုးစားဖို့အားပေးတယ်၊ ဒီလိုမျိုးအခြေအနေတွေပေါ်လာဖို့အတွက် ကြိုးစားပေးတဲ့ Fr. Leo Mang နှင့် ကက်သလစ်ဖန်တီးမှုအနုပညာရှင်များCCAA အဖွဲ့သားများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ လာရောက်ပြီး ဝိုင်းဝန်းကူညီပေးတီးခတ်ပေးကြတဲ့ မိတ်ဆွေအားလုံးကိုလည်းကျေးဇူးတင်ပါကြောင်း" မိန့်ကြားပေးခဲ့ကာ သီချင်းဆို ပြိုင်ပွဲပြီးဆုံးသောအခါတွင်လည်းထပ်မံ၍ "ကက်သလစ်သာသနာမှာတေးသံရှင်များ ပေါ်ထွက်နိုင်ဖို့အတွက် မိမိတို့ရဲ့အချိန်တွေပေး၊ အားတွေပေး၊ လမ်းညွှန်မှုတွေပေးတဲ့အတွက် ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာအတွက်ကော မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ သာသနာများအားလုံးအတွက်ပါ ကျေးဇူးအများကြီးတင်ရှိပါတယ်။ ပြိုင်ပွဲဝင်ခဲ့ကြတဲ့ သားငယ်သမီးငယ်တွေအားလုံးကိုလည်းအထူးကျေးဇူးတင်တယ်။ ဆက်လက်ပြီး အတူတကွကြိုးစားလုပ်ဆောင်ကြရအောင်လို့လည်းဖိတ်ခေါ်တယ်။ သားတို့သမီးတို့ ရထားတဲ့ ဒီကျေးဇူးတော်အသံလေးတွေနှင့် ကိုယ်ရောက်ရှိတဲ့နေရာတွေမှာ ဆက်လက်ပြီးသာသနာပြုနိုင်ကြပါစေ၊ ခွန်အားတွေပေးနိုင်ကြပါစေ၊ခွန်အားတွေ ရရှိနိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု မိန့်ကြားခဲ့ပါသည်။

သီချင်းဆိုပြိုင်ပွဲတွင် ဆန်ကာတင်ရွေးချယ်ခံရသောသူများမှာ (၁)။ မမေရီ (တောင်ငူသာသနာ)၊ (၂)။ ဆလိုင်းလှသွေးဉာဏ(ပြည်သာသနာ)၊ (၃)။မောင်ဖိုးလုံး (မန္တလေး သာသနာ)၊ (၄)။ ဆိုဖီးယား နန့်လှမြတ်မွန် (ပုသိမ်သာသနာ) (၅)။ ဇော်ရိန်းအောင် (ဖန်းမော် သာသနာ) တို့ဖြစ်ကြသည်။

ပြိုင်ပွဲကို CCAA မှ အမှတ်ပေးဒိုင်လူကြီးများအဖြစ် နိုင်ငံတော်တေးသံရှင် နွဲ့ယဉ်ဝင်း၊ တေးရေး၊တေးဆို ဆေရယ်နှင့် ရယ်ဂျီတို့ဖြစ်ကြကာ ဘောစကိုစောရန်နိုင်မှ အခမ်းနားမှူးအဖြစ်ဆောင်ရွက်ပေးခဲ့ပါသည်။ သီးချင်းဆိုပြိုင်ပွဲကို တေးသံရှင်အနဂ္ဂ နှင့် တေးရေးတေးဆိုဂျွန်သင်ဇမ်းတို့ကလည်း တေးသီချင်းများဖြင့်အားဖြည့်ဖျော်ပေးခဲ့ကြသည်။

အရွေးခံရသောသူ(၅)ဦးတို့သည် CCAAမှပေးထားသော သီချင်းအသစ်များကိုသာ ၂၄ရက် ဩဂုတ်လ ၂၀၁၆ ခုနှစ်တွင် နောက်းဆုံးအဆင့်ပြိုင်ရပါမည်။ Top 5 တွင် မပါဝင်သောသူများကို နိုင်ငံကျော်တေးသံရှင်နွဲ့ယဉ်ဝင်းက အလှူတော်ငွေ(၅၀၀၀၀)စီချီးမြှင့် ပေးခဲ့ပါသည်။

သီချင်းဆိုပြိုင်ပွဲများကို ကောင်းမွန်စွာပြုလုပ်နိုင်ရန် နေရာနှင့်လိုအပ်ချက်များကို လိုလိုလားလား ကူညီဖေးမပေးပါသော စိန့်ပီတာနှင့်စိန့်ပေါလ်ကျောင်းထိုင်ဘုန်းတော်ကြီး ဟီဂျီးနီးစ်မြင့်စိုးနှင့်ကျောင်းတာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။ လူငယ်များအား ဂီတအနုပညာရှင်များဖြစ်လာစေရန် မြှင့်တင်ပေးရန်အတွက် စေတနာရှင်များ၏ ဆက်ကပ်ပါဝင်ခြင်းတို့ကိုလေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။ (cbcm-osc)



**မေး။ ။မင်္ဂလာပါ။**
ဖြေ။ ။မင်္ဂလာပါ။
**မေး။ ။နာမည်လေးမိတ်ဆက်ပေးပါဦး။**
ဖြေ။ ။ John Zaw Rain Aung ပါ။
**မေး။ ။ရှင်ပြိုင်ခဲ့တဲ့သီချင်း နာမည်လေးလည်း ပြောပြပေးပါဦး။**
ဖြေ။ ။ "လူနဲ့အပြစ်" ပါ။
**မေး။ ။ဘယ်သာသနာကလည်းရှင့်။**
ဖြေ။ ။ ဗန်းမော်သာသနာကပါဗျ။
**မေး။ ။ ဒီတစ်ကြိမ် သီချင်းဝင်ပြိုင်တာ ဘယ်လိုခံစားရလဲ။**
ဖြေ။ ။ကိုယ့်ကိုယ်ကို နည်းနည်းအားရမိတယ်။ဝါသနာကလည်းရှိဘုရားကိုချီးမွမ်းခွင့်ရတော့ကျွန်တော်သိပ်ပျော်မိတယ်။
**မေး။ ။တကယ်လို့ ဖိုင်နယ်အဆင့် အထိရောက်ခဲ့ရင် ဘာတွေဆက်လုပ်မယ်လို့ စဉ်းစားထားလဲ။**
ဖြေ။ ။ကျွန်တော် သာသနာကို လုပ်အားနှင့်ဆက်ကပ်မယ်။ အများက အားကိုးရတဲ့သူတစ်ယောက် ဖြစ်အောင်ကြိုးစားမယ်။ အခြေနေပေးခဲ့ရင်အခွေထုတနိုင်အောင်ကြိုး စားသွားချင်ပါတယ်။
**မေး။ ။အခွေထုတ်မယ်ဆိုတော့ ဘာသီချင်းတွေထုတ်မှာလဲ။တိုင်းရင်းသား စကား နဲ့ ထုတ်မှာလား။**
ဖြေ။ ။ဓမ္မသီချင်းကိုကချင်လိုရော ဗမာလိုရောထုတ်ဖြစ်မယ်ထင်တယ်။
**မေး။ ။သီချင်းဆိုကောင်းတယ်။ အသံလည်းကောင်းတယ်။ ဆွဲဆောင် မှုလည်းရှိတယ်။ ဒီအဆင့်ထိ ရောက်အောင် ဘယ်သူက တိုက်တွန်းအားပေးခဲ့လဲရှင့်။**
ဖြေ။ ။ဖေဖေနဲ့မေမေရယ် ပြီးတော့ ဆရာ စောင်နူးနှင့် ဆရာ Lashi Naw Taung တို့ရဲ့ အားပေးမှုကြောင့်ပါ။ ကျွန်တော်ကိုယ်တိုင်လည်းအများကြီး ကြိုးစားခဲ့ပါတယ်။
**မေး။ ။သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်လို့ ရင်တွင်း စကားလေးနည်းနည်း ပြောပေးပါအုံး။**
ဖြေ။ ။ပြိုင်ပွဲလုပ်ပေးတဲ့အတွက်ကျေးဇူးအထူးတင်ပါတယ်။ နောက်နှစ်များမှာလည်း သီချင်း ပြိုင်ပွဲကို ဆက်လက် လုပ်ပေးစေချင်တယ်။ ကက်သလစ်လူငယ်တွေ ဂီတအနုပညာ ဖက်မှာပါဝင်လာ နိုင်အောင် များများအားပေး ပေးပါ။
**မေး။ ။တကယ်လို့ အခွေထုတ်ဖြစ်ရင် CBCM Trinita မှာ သီချင်းလာသွင်းပါလို့ ဖိတ်ခေါ်ပါတယ်ရှင့်။**
ဖြေ။ ။ဟုတ်ကဲ့။လာခဲ့မယ်...ရီလျှက်....
**မေး။ ။ခုလိုမေးခွန်းတွေကို ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ ရည်ရွယ်ချက် အောင်မြင်ပါစေ။**
ဖြေ။ ။ ပေးတဲ့ဆုနဲ့ပြည့်ပါစေ။

**မေး။ ။မင်္ဂလာပါ။**
ဖြေ။ ။မင်္ဂလာပါရှင့်။
**မေး။ ။ညီမလေးနာမည်နဲ့ သာသနာကို သိပါရစေ။**
ဖြေ။ ။ပုသိမ်သာသနာမှဆိုဖီယာနန့်လှမြတ်မွန်လို့ခေါ်ပါတယ်ရှင့်။
**မေး။ ။သီဆိုခဲ့တဲ့သီချင်းရဲ့ခေါင်းစဉ်ကို သိပါရစေ။**
ဖြေ။ ။ဟုတ်ကဲ့ သီချင်းလေးရဲ့နာမည်က "မိုးသောက်ကြယ်တော်"ပါရှင့်။
**မေး။ ။သီချင်းလေးကိုဘယ်လိုရွေးချယ်ဖြစ်တယ်ဆိုတာပြောပေးပါ့လား။**
ဖြေ။ ။အဓိကတော့ ကိုယ်နဲ့လိုက်ဖက်မယ့်သီချင်းကို ရွေးချယ်ဖြစ်တယ်။ သံစဉ်နှင့်စာသားကိုလည်းကြိုက်ပါတယ်။
**မေး။ ။ဘယ်လိုရော လေ့ကျင့်ခဲ့ပါသလဲ။**
ဖြေ။ ။ထပ်ခါထပ်ခါ နားထောင်တယ်၊ ဆိုတယ်။



**မေး။ ။ဘယ်သူတွေကရောအဓိကအား ပေးခဲ့သလဲရှင့်။**
ဖြေ။ ။အားပေးတဲ့သူတွေတော့ အများကြီးပါဘဲ။ အဓိကတော့ ဖွားဖွားပါရှင့်။ ဖာသာရ်ကိုယ်တိုင်လည်းလာအားပေးတယ်ဆိုတော့ အားရှိတာပေါ့။
**မေး။ ။သီချင်းဆိုပြိုင်ပွဲမှာ လာရောက် စင်ပေါ်တက်တဲ့ အချိန်မှာရော စိတ်လှုပ်ရှားမှုရှိပါသလား။**
ဖြေ။ ။အတွေ့အကြုံများနေပြီဆိုတော့ စိတ်မလှုပ်ရှားတော့ပါဘူး။ ဓမ္မတေးအခွေတွေမှာလည်း ဆိုနေကျဆိုတော့လေ။ သီချင်းနှင့် ပတ်သက်လာရင်လည်း အရမ်းဝါသနာပါတယ်။
**မေး။ ။အရမ်းအောင်မြင်တဲ့အဆိုတော်တစ်ယောက်ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်ထားပါသလား။**
ဖြေ။ ။မျှော်တော့ မမျှော်လင့်ပါဘူး။ အောင်မြင်ရင်တော့ ကောင်းတာပေါ့။ ဘုရားသခင်အလိုတော်အတိုင်းပါဘဲ။
**မေး။ ။သီချင်းဆိုပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ဖို့အတွက် အခက်အခဲ ရောရှိခဲ့သလား။**
ဖြေ။ ။ရုံးတစ်ဖက်နဲ့ဆိုတော့ နည်းနည်းရှိပါတယ်။ဝါသနာပါတယ်ဆိုတော့အတတနိုင်ဆုံးကြိုးစားဖြစ်တယ်။
**မေး။ ။တစ်နေ့အောင်မြင်သွားမယ်ဆိုရင်**
ဖြေ။ ။ သာသနာတော်အတွက် ဓမ္မတေးခွေ ထုတ်တဲ့အခါမှာ လည်း ဆက်လက်သီဆိုပြီး ဆက်ကပ်နေ မယ်။
**မေး။ ။အခုလိုမျိုးဖြေကြား ပေးတဲ့ အတွက် ညီမလေးဆိုဖီယာကို အများ ကြီးကျေးဇူးတင်တယ်။**
ဖြေ။ ။ဟုတ်ကဲ့ ကျွန်မလည်း ကျေးဇူးတင်ပါတယ်။

## မိဘများပွဲနေ့မစ္ဆားတွင် ဆရာတော်ကြီး Basilio Athaiဟောကြားသောဒေသနာတော်မှကောက်နှုတ်ချက်

သခင်ယေရှုးသင်ကြားပေးသော ကောင်းကင်ဘုံမေတ္တာမှာ "ကျွန်ုပ်တို့ကိုထိခိုက်ကျူးလွန်သောသူတို့အား ကျွန်ုပ်တို့ခွင့်လွှတ်သကဲ့သို့ ကျွန်ုပ်တို့၏အပြစ်များကိုလည်းခွင့်လွှတ်တော်မူပါ။" လို့ပါရှိပါတယ်။ မူရင်းအင်္ဂလိပ်လိုရေးထားတာကတော့ Forgive us our debts; as we also have forgiven our debtors: ကျွန်ုပ်တို့ကိုအကြွေးတင်သော သူကိုခွင့်လွှတ်သကဲ့သို့ ကျွန်ုပ်တို့ကိုလည်းခွင့်လွှတ်တော်မူပါ။ ဘယ်လိုအကြွေးမျိုးကိုဆိုလိုတာလဲ။ ဒီကနေ့မိဘများပွဲနေ့မှာ ဆုတောင်းမေတ္တာကိုအခြေခံပြီး ခွန်အားပေးသွားလိုတယ်။

ကျေးဇူးဆိုတဲ့စကားလုံးရဲ့အဓိပ္ပါယ်ဟာ တစ်ဦးကတစ်ဦးအပေါ်မှာပြုသောကောင်းမှုဖြစ်တယ် ဒါကြောင့်ကျေးဇူးတင်တယ်လို့ပြောဆိုကြတယ် တစ်ပါးသူရဲ့ပြုသောကောင်းမှုကိုသတိရ ပြောဆိုတာဖြစ်တယ် တချို့ကကျေးဇူးတင်ရမှန်းမသိ မေ့လျော့နေတတ်ကြတယ် ဒါကိုကျေးဇူးကန်းတယ် ကျေးစွပ်တယ်လို့ပြောကြတယ် ဒီကနေ့ မိဘများပွဲနေ့မှာ ပြောလိုတာက ဘဝအသက်တာနဲ့အမျှ မိဘကိုကျေးဇူးရှင်လို့သတ်မှတ်နိုင်ရမယ် တခါတလေကျေးဇူးတွေပျောက်သွားတတ်ကြလို့ ပြဿနာတွေအများကြီးပေါ်လာတယ် ကျေးဇူးမသိတတ်တဲ့သားသမီးများတွေကြောင့် မိဘများမျက်ရည်ကျကြရတယ် ကျေးဇူးတရားကိုပွဲစားဆန်ဆန်သုံးချင်တယ် အခုခေတ်မှာအဲဒီအတွေးအခေါ်တွေပေါ်လာတယ် သာဓကအများကြီးရှိတယ်၊ ပေးခဲ့တဲ့လူကပေးခဲ့ပေမယ့် ယူလိုက်တဲ့သူကမသိတာအများကြီး။

တခါတလေစိတ်နာစရာတော့ရှိလာတတ်တယ် ပြုသောသူကပြုပြီးရတဲ့လူကမသိလိုက်ဘူး ကျေးဇူးရဲ့သဘောဟာ အပေးအယူမဆန်ဘူး သူများပြန်မပေးလို့လဲ ဘာမှမဖြစ်ဘူး ဘာမှမျှော်လင့်မနေဘူး ယူတဲ့လူသိသိ မသိသိ။ တချို့ကပြောဆိုတတ်ကြတယ် ဒီလူကိုငါလုပ်ပေးလိုက်လို့ လူတလုံး သူတလုံးဖြစ်လာတာ။ အကြွေးကိုပြန်တောင်းရင် ကျေးဇူးဟာကျေးဇူးမဟုတ်တော့ဘူးကျေးဇူးဆိုတာ တမူးပေးရင် တပဲအပိုရတာမဟုတ်ဘူး ပြန်ရရ မရရ ပေးရခြင်းမျိုး။ မိဘဆိုတာ ထိုနည်းလည်းကောင်းဘဲ။ သားသမီးတွေ မိဘနဲ့အဆင်မပြေဘူးဆိုရင်- တရားစကားတခွန်းပေးလိုက်ချင်တယ် " မိဘဆိုတာ တချိန်တခါက သားသမီးတွေပါဘဲ" ဆိုတာစိတ်မှာ ပြန်စဉ်းစားပါ အမေသိတယ် အဖေသိတယ် တစ်ချိန်တုံးကအမေဆိုတာ "သမီး" အဖေဆိုတာ "သား" ဖြစ်ခဲ့တယ်။ အဖေဘာလို့တားမြစ်တာလဲ? အမေဘာ့ကြောင့်ဆူတာလဲ? နောက်လာတဲ့လူအတွက် နားထောင်ဖို့ဖြစ်အောင် အဖေအမေလက်ထက်က မထူးချွန်ခဲ့လို့ သားသမီးတွေထူးချွန်အောင်ဆုံးမပြီးကြိုးစားခိုင်းတာပါ။

မိဘတွေကိုပြောစရာရှိတယ် သားသမီးဆိုတာ အဖေအမေဖြစ်လာမယ့်သူတွေပါ။ ကျေးဇူးသိသိ မသိသိ စိတ်နာစရာမလိုဘူး။ သားသမီးမလိမ္မာတာ အဖေအမေမဖြစ်သေးလို့ပါ။ အဖေအမေဖြစ်လာတဲ့အခါကျရင် သိလာကြလိမ့်မယ်။ တပည့်ဆိုတာဆရာဖြစ်လာမှ ကြိမ်ဒါဏ်ရဲ့တန်ဖိုးကိုသိလာတယ်။ မိဘဖြစ်တယ်ဆိုရင် သားသမီးဆိုတာ တစ်ချိန်တစ်ခါကျရင်မိဘဖြစ်လာမယ့်သူ။ ဆုံးမစရာရှိတာဆုံးမပါ အမျက်ဒေါသထွက်စရာမလိုဘူး ဘာဖြစ်လို့အနစ်နာခံပြီး မဆုံးမနိုင်ရမှာလဲ?

**ဒါကြောင့်ဒီကနေ့ကောင်းကင်ဘုံမေတ္တာဆိုတိုင်း၊ မိဘတွေကသားသမီးတွေကိုသွန်သင်နိုင်ကြပါစေ။ သားသမီးတွေလည်းမိဘကျေးဇူးကိုသိပြီးတုန့်ပြန်နိုင်ပါစေ။ အားလုံး သူ့ကျေးဇူး ကိုယ့်ကျေးဇူးအကျိုးကိုခံစားနိုင်ကြပါစေ။ (FB.Sai Sheng)**





မန္တလေးသာသနာ

# ဝတ်စောင့်ခြင်း နှင့်ကျေးဇူးတော်ချီးမွမ်းခြင်း



မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာအတွင်းရှိ ချောင်းရိုးရွာ ခရစ်ယာန်တို့အား မှိုင်းမတော်မူသော သခင်မ ဘုရားကျောင်းတွင် (၉၊၇၊၂၀၁၆)ရက်နေ့တွင်မန္တလေးသာသနာလုံးဆိုင်ရာ လူငယ်ဇဟိုကော်မတီမှလူငယ်ဒါရိုက်တာFr.Augustin Tin Mg Htun နှင့် ရေဦးဖုံ ချောင်းရိုးရွာမှ ကျောင်းထိုင်ဘုန်းတော်ကြီးFr. Augustine Win Myint, Fr. Byan ဗညား တို့ဦးဆောင်ကာ တစ်ရက်တာ ဝတ်စောင့်ခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ကျင်းပခဲ့ကြပါသည်။ ကျေးဇူးတော်ချီးမွမ်းခြင်း အစီအစဉ်သို့ ဖိတ်ကြားထားသော ဘုန်းတော်ကြီးများ၊ ရေဦးဖုံအတွင်းမှ ဘုန်းတော်ကြီးများနှင့် ဘာသာတူများ (၁၀၀၀)ကျော် ပါဝင်တက်ရောက်ခဲ့ကြပါသည်။ ပထမဦးစွာ ဘုန်းတော်ကြီးဘော်စကိုဘိုဘိုမှ ဩဝါဒ တရားရေအေးတိုက်ကျွေးရာတွင် "ဒီနစ်ဟာဘုရားရဲ့ ကောင်းမြတ်သော၊ ကြင်နာသနားတတ်သောဘုရားရှင်ရဲ့ထူးခြားသောဂျူဘီလီနှစ်ဖြစ်တယ်။ ဘုရားသခင်၏နှစ်မှာ ဒီလိုမျိုးရွှေချောင်းရိုးရွာမှာ ကောင်းမြတ်သနားကြင်နာခြင်းကို ကျွန်တော်တို့ဟာခံစားကြမှာဖြစ်တယ်။ ပထမဆုံးဘုရားကို ကျေးဇူးတင်ရအောင်။ သနားတတ်သောဘုရားက ဒီနေ့ ဒီမှာရှိတဲ့သူတွေကို သူ့ရဲ့သနားခြင်းကျေးဇူးတော်ကိုပေးနေတယ်။အဲ့ဒီအခွင့်အရေး ကိုယူကြရအောင်။ တစ်ခါတုန်းက သမီးလေးတစ်ယောက်ကရေမွှေးသုံးတယ်တဲ့။ရေမွှေးသုံးတဲ့အခါမှာသမီးကနေအမေကိုပြောတယ်။ "အမေ ဒီရေမွှေးက အင်မတန်မှဈေးကြီးတယ်၊ အနံ့အသက်ကလူတောထဲတိုးလို့လည်းကောင်းတယ်။ ရေမွှေးအနံ့ကို လူတွေကရလို့ရှိရင် စိတ်ကိုကြည်ပြီးတော့လူနားမှာလာကပ်လည်းအဆင်ပြေတယ် အမေလည်းသုံးပါလား" ဆိုပြီးပြောတယ်။ အဲ့ဒီအခါအမေကလည်း "သမီးရေ မွှေးတကာရေမွှေးထဲမှာ သမီးသုံးတဲ့ရေမွှေးထက် ကောင်းတဲ့ရေမွှေးရှိတယ်။အဲ့ဒါဘာလည်းဆိုရင် ဖြူစင်ခြင်းရေမွှေး၊ရိုးသားခြင်းရေမွှေး၊ဘုရားပေးတဲ့ရေမွှေးကိုသုံးပါ။နေရာတကာမှာလူတောတိုးပြီးမျက်နှာလည်းရစေတယ်။အဲ့ဒီရေမွှေးကိုပိုသုံးပါသမီး"လို့ပြောတယ်။ ဒီကလူတွေ ဘာရေမွှေးသုံးကြမလဲ၊ကျွန်တော်တို့ဘယ်ကနေလာပြီး ဘယ်ကိုသွားကြမလဲ။ စဉ်းစားကြပါ။ ဒီကနေ့ ဝတ်စောင့်ပွဲကနေ အဖြေရလိမ့်မယ်။ ဝတ်စောင့်တယ်ဆိုတာ ဘာကိုပြောတာလဲ။ ဝတ်စောင့်တယ်ဆိုတာ ဝတ်တရားကို စောင့်ခိုင်းတာ။ ဝတ်တရားတွေဆိုတာပညတ်တော်ဆယ်ပါးကို စောင့်။ ဘုရားရဲ့တရားကိုစောင့်၊ သင့်ရဲ့ဘုရားကို စိတ်နှလုံးအကြွင်းမဲ့ အစွမ်းသတ္တိရှိသမျှနှင့်ချစ်ကြ။ အဲ့ဒီဝတ်တရားကိုစောင့်။ အဲဒါကိုဝတ်စောင့်တယ်လို့ ခေါ်တယ်။ ကိုယ့်အတွက်ကိုယ် ဝတ်စောင့်ကြပါ။ဘုရားရဲ့ကြင်နာသနားခြင်းနှစ်မှာကိုယ့်အတွက်ဘုရားကပေးနေတယ်။ ဒါကြောင့် မိုးကောင်းကင်ကိုဘာနဲ့မှ မလဲပါနှင့်" ဟု ဝတ်စောင့်ခြင်းဖြင့် ရရှိနိုင်မည့် ကျေးဇူးတော်များကို ဝေမျှခဲ့ပါသည်။ ဆက်လက်ပြီး Fr.Byanဗညားမှလည်း "ကျွန်တော်ဟောမယ့်တရားတွေဟာ ဘုရားသခင်ရဲ့ နှုတ်ကပါတ်တော်ထဲက အကြောင်းအရာတွေကိုပဲ ဟောမှာဖြစ်တယ်။ ကျွန်တော်ဟောတဲ့တရားမှာ ကြားနာပြီးတော့အသက်တာ မပြောင်းလဲဘူး ဆိုရင်တော့ ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာကိုသိရက်နဲ့အသက်တာမှာ မိမိလုပ်ချင်တဲ့အတိုင်းလုပ်မယ်ဆိုရင်တော့ သမ္မာကျမ်းစာမှာရှိတဲ့ကျိမ်ဆိုခြင်းအမင်္ဂလာအားလုံးဟာ မိတ်ဆွေအပေါ်ကျရောက်မှာဖြစ်ပါတယ်။ နှုတ်ကပါတ်တော်ကပြောပါတယ်။ သမ္မာကျမ်းစာမှာရှင်ပေါလုကပြောတယ် ငါဟာဘုရားသခင်ရဲ့ ဧဝံဂေလိတရားတော်ကို မဟောပြောလျှင် ငါ့၌အမင်္ဂလာရှိစေ။ ဒီကနေ့ ကျွန်တော်ဟောမယ့် တရားအားလုံးက သမ္မာကျမ်းစာပေါ်မှာပဲ အခြေခံမယ်။ မိတ်ဆွေ သင်လက်ခံမယ်ဆိုရင်တော့ ကျမ်းစာထဲမှာရှိတဲ့ ကောင်းချီးမင်္ဂလာအားလုံးနဲ့ဘုရားသခင်ပေးတဲ့ ကယ်တင်ခြင်းဟာသင့်အပေါ်မှာ ဒီကနေ့သက်ရောက်မယ်။ နှုတ်ကပါတ်တရားတော်ကို ဟောပြောလော့ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ ဒီကနေ့ ကျွန်တော် ဒီကိုရောက်ရှိလာတာ ကျွန်တော်အားလို့မဟုတ်ဘူး။ ကျွန်တော့်မှာ အချိန်မရှိဘဲနဲ့ လာဟောတာ။ ဒါဟာ နှုတ်ကပါတ် တရားတော်ကနေ ခေါ်တဲ့အရာကို လက်ခံတာဖြစ်ပါတယ်။ အပြစ်ကိုဖော်ထုတ်လော့။ ဒီကနေ့ ဒီမှာရောက်ရှိလာတဲ့သူဟာ မိမိရဲ့အပြစ်ကို မိမိဖော်ထုတ်ရမယ်။ နှုတ်ကပါတ်တော်ကို ကြားပြီးတဲ့အခါမှာမိမိရဲ့အပြစ်ကိုမိမိ ဖော်ထုတ်ရတော့မယ်။ ဘုရားသခင်ရဲ့ ဆုံးမခြင်းကို ခံယူဖို့ ရောက်ရှိလာတယ်။ နှုတ်ကပါတ်တော်ကိုဟောတဲ့အခါ၊ခံယူတဲ့အခါမှာ စိတ်ရှည်ပါ။နှုတ်ကပါတ်တော်ကို အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ဟောပြောသက်သေခံယူခြင်းအားဖြင့် နှုတ်ကပါတ်တော်၌ ရှင်သန်ခြင်းအားဖြင့် သက်သေပြရမယ်။ မိမိဟာ ခရစ်ယာန်လို့ပြောပြီးတော့ မိမိတပ်မက်တဲ့အရာ၊ အပြစ်ကိုပို့ဆောင်တဲ့အရာတို့မှာ မိမိဟာအချိန်ပေးပြီး လျှောက်လှမ်းနေမယ်ဆိုရင် အဲ့ဒါခရစ်ယာန် မဟုတ်ဘူး။ ခရစ်ဟန်ဖြစ်ပါတယ်။ အမည်ခံခရစ်ယာန်ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ အမည်ခံ ခရစ်ယာန်ကနေ ဘုရားသခင်ရဲ့သား/သမီးဖြစ်ခြင်းဆိုတဲ့အဖြစ်သို့ ဒီကနေ့ လျှောက်လှမ်းရအောင်။ ကျွန်တော်တို့ ခရစ်ယာန်ဖြစ်လို့ ကျွန်တော်တို့ ကယ်တင် ခြင်းမရနိုင်ပါဘူး။ ငါခရစ်ယာန်ဖြစ်တယ် ဆိုတာနဲ့ပြည့်စုံပြီ၊ လုံလောက်ပြီထင်နေလား။ ဘုရားသခင်က ခရစ်ယာန်ဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ်မှာ မကြည့်ဘူး။ ဘုရား သခင်က ဘာကိုကြည့်တာလဲဆိုတော့ သူရဲ့နှုတ်ကပါတ်တော်ကို မိမိဟာ နေ့စဉ်အသက်တာမှာ၊ အချိန်တိုင်းမှာ၊ ဆင်ခြင်ထောက်ရှုပြီးတော့ ဘုရားရဲ့ နှုတ်ကပါတ်တော်အတိုင်း ရှင်သန်လျှောက်လှမ်း တဲ့အခြေအနေ တစ်ခုကို အလိုရှိတယ်။ အဲဒီအရာပေါ်မှာ ဘုရားသခင်ကကျေနပ်ခြင်းဖြစ်တယ်။ ဒီကနေ့ မိမိရဲ့ အသက်တာကို မိမိပြန်လည်ဆင်ခြင်ပါ။ သမ္မာတရားကို နားမထောင်ပဲ ဒဏ္ဍာရီစကားကိုနားထောင်ရင် လွဲမှားကြလိမ့်မယ်။ လူတွေကိုပြောတဲ့စကား၊ ပုံပြင်တွေ၊ အကြောင်းအရာတွေ အပေါ်မှာပဲ နားထောင်နေတဲ့အခါမှာ မှား ယွင်းတဲ့အယူဝါဒ နောက်ကိုလိုက်ပြီး လမ်းလွဲကြလိမ့်မယ်။ ဒါကြောင့်မို့ ယခု ကျန်းမာတဲ့အချိန်၊ ငယ်ရွယ်တဲ့အချိန်၊ နပျိုတဲ့အချိန်၊ အချိန်ကောင်းနေတဲ့အချိန်မှာ ဘုရားသခင်ရဲ့နောက်ကို အမှန်တကယ်လိုက်ပါ။ ယခုအသက်ရှင်နေတဲ့အချိန်မှာ မိမိရဲ့အသက်တာကို ပြုပြင်ပြောင်းလဲဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ အာပတ်ဖြေပါ။ အာပတ်ဖြေတဲ့အခါမှာလည်း ကိုယ်တော်ဘုရားတပည့်တော် ငရဲသွားဖို့ကြောက်တယ်။ မှန်တယ်ငရဲသွားဖို့ကြောက်တယ်။ တကယ်တမ်း ဘုရားကို ချစ်လာပြီဆိုရင် ငရဲသွားရမှာကြောက်လို့ မဟုတ်ဘဲဘုရားသခင်ရဲ့ကောင်းမြတ်ခြင်း၊ ဘုရားသခင်ရဲ့မေတ္တာစေတနာတော်ကို ထိခိုက်ကျူးလွန်မိတဲ့အတွက်ကြောင့်မို့လို့ ဘုရားသခင်ကိုသနားကြင်နာတဲ့စိတ်နဲ့ ဝမ်းနည်းကြေကွဲတဲ့စိတ်နဲ့ အာပတ်ဖြေရမှာဖြစ်တယ်။ အဲ့ဒီအသက်တာကို ကျင့်ဆောက်တည်ဖို့ အရေးကြီးတယ်။ မိမိနောက်နောင် ဒီအပြစ်တွေကို လုံးဝမလုပ်တော့ဘူးလို့ပြောပြီးမှ အာပတ်ဖြေပါ။ ဒီကနေ့ ဇာတိပကတိအသက်တာမှာ ပါဝင်ပတ်သက်နေတဲ့ အသက်တာမှာကောင်းမွန်တဲ့ အသက်တာကို ပြန်လည်ဆင်ခြင်ပြီး ကောင်းမွန်တဲ့ အသက်တာမှာ ရှင်သန်ကာ ဝိညာဉ်ပကတိအားဖြင့် ရှင်သန်နေထိုင်ရမယ်။ ဝိညာဉ်ပကတိမှာ ရှင်သန်နေထိုင်တဲ့ သူတွေမှာ ဘာတွေဖြစ်နေမလဲဆိုရင် ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်တည်ခြင်း၊ အစရှိတဲ့ကျေးဇူးတော်တွေကိုခံစားရမှာဖြစ်တယ်" ဟု အသက်တာတွင် နှုတ်ကပါတ်တော်အတိုင်း ကျင့်ဆောက် တည်နေထိုင်ခြင်းအားဖြင့်သာလျှင် ကယ်တင်ခြင်းကို ရရှိနိုင်မည့်အကြောင်းကိုဟောပြောခဲ့ပါသည်။

ဆက်လက်ပြီး ညပိုင်းတွင်အာပတ်ဖြေခြင်းနှင့်ကုသခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ပါသည်။ ကုသခြင်းအစီအစဉ်အားဖြင့် ကျေးဇူးတော်ကိုခံစား ရသူတစ်ဦးမှ သက်သေခံရာတွင် "ကျွန်မနာခေါင်းပိတ်နေတာ၊ နာရည်မယိုတာ ခြောက်လကြာပြီ၊ ဆေးထိုးဆေးသောက်လည်းလုပ်ရတယ်။ ဘာမှတိုးတက်မလာခဲ့ပါဘူး။ ဒီကနေ့ဝတ်စောင့်ခြင်းအစီအစဉ်ရဲ့ ကုသခြင်းအစီအစဉ်မှာလဲကျပြီးနောက်ပိုင်းကနေ မျက်ရည်တွေနဲ့အတူနှာရည်တွေပါကျလာခဲ့ပါတယ်။ ဒါဟာ ဘုရားသခင်ရဲ့ကျေးဇူးတော်ခံစားရတယ်လို့ပဲခံယူပါတယ်" ဟုသက်သေခံခဲ့ပါသည်။ အစီအစဉ်များအတွင်း၌ Fr.Byan ဗညားမှ "ဒီမှာရှိတဲ့လူငယ်တွေ၊ လူကြီးတွေ၊ ကလေးတွေရဲ့ ဝိညာဉ်ရေးအသက်တာအတွက် ဖိတ်ခေါ်တဲ့အခါမှာ ဘုရားသခင်ရဲ့မျက်နှာတော်ကို ထောက်ပြီးတော့ ညီအစ်ကိုမောင်နှမသားသမီးတွေကို ချစ်တဲ့အတွက်ကြောင့် တစ်ယောက်စီရဲ့အသက်တာ ဘုရားသခင်နဲ့ပိုမိုရင်းနှီးမိတ်သဟာရ ဖွဲ့ပေါင်းစပ်ရှင်သန်နေထိုင်သွားဖို့အတွက် ရည်ရွယ်ပြီး ရောက်ရှိလာခြင်းဖြစ်ပါတယ်"ဟု လည်းပြောကြားခဲ့ပါသည်။

Pinky(MDY-OSC)







# CYCK အင်္ဂလိပ်နှင့်ကွန်ပျူတာသင်တန်းပြီးစီးခြင်း

ကလေးကက်သလစ် သာသနာ၊ လူငယ်တာဝန်ခံ ဘုန်းတော်ကြီး Joseph Kham မှ ဦးဆောင်၍ CYCK တတိယအကြိမ် အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြခံ သင်တန်းကို ကလေးမြို့ ဆရာတော်ကြီးကျောင်းတိုက်တွင် ၁၈.၅.၂၀၁၆ မှ ၁၈.၇.၂၀၁၆ အထိ (၂)လ သင်တန်း ဖွင့်လှစ်ခဲ့ပါသည်။

ကလေးသာသနာအတွင်းရှိ စီရင်စုအသီးသီးမှ လူငယ်မောင်မယ်များ လာရောက်ကာ အဆိုပါ အင်္ဂလိပ်စာသင်တန်းကို (၂၀)ဦး၊ ကွန်ပျူတာသင်တန်းကို (၂၆) ဦး၊ စုစုပေါင်း (၄၆) ဦး တက်ရောက်ခဲ့ကြပါသည်။ အင်္ဂလိပ်စာအခြေခံသင် တန်းကို Mr. Martin Cin Bel (Kalay) မှ ပို့ချပေးခဲ့ပြီး ကွန်ပျူတာ အခြေခံသင်တန်းကို Miss. Flora Dim Hoih Kim (Tamu) မှ သင်ကြားပေးခဲ့ပါသည်။ အင်္ဂလိပ်စာနှင့် ကွန်ပျူတာ သင်တန်းအပြင် Rev. Fr. Sebastian Mawi မှ ကက်သလစ်အသင်းတော် အကြောင်း၊ Sr. Matilda Donpi (LWST) မှ ဓမ္မတေးသီချင်းများ၊ CYCK အတွင်းရေးမှူး James Aung Tung မှ ခေါင်းဆောင်မှုပညာအကြောင်းများကိုလည်း အသီးသီးပို့ချပေးခဲ့ကြသည်။ သင်တန်းသားတစ်ဦး၏ ရင်တွင်းစကားမှာ ""အခုလို ကွန်ပျူတာသင်တန်းကို တက်ခွင့်ရတာ အင်မတန်ဝမ်းသာပါတယ်။ ကွန်ပျူတာ အဖွင့်အပိတ်တောင်မသိခဲ့ပေမဲ့ ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် မြောက်များစွာသော ဗဟုသုတတွေ၊ ကွန်ပျူတာအကြောင်းတွေကို ရရှိလေ့လာရပါတယ်""ဟု ပြောဆိုခဲ့ပါသည်။ ၁၅၊၇၊၂၀၁၆ ရက်နေ့တွင် သင်တန်းဆင်းပွဲ အခမ်းအနားကို ညနေစာမိတ်ဆုံစားပွဲနှင့် အတူကျင်းပပြီး လူငယ်မောင်မယ်များအားသင်တန်းဆင်း လက်မှတ်များပေးအပ်ကာ ဂုဏ်ပြုခဲ့ကြသည်။ အင်္ဂလိပ်ဘာသာ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများ၊ ကွန်ပျူတာ၌ ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ ၁၈၊၇၊၂၀၁၆ တွင် (၂)လတာ သင်တန်းတက်ရောက် လာကြသော လူငယ်မောင်မယ်များ မိမိတို့ စီရင်စုအသီးသီးသို့ ပြန်လည်ထွက်ခွါသွားခဲ့ကြကြောင်း သိရှိရသည်။

**မောင်အေး**

# CYCK လူငယ်များဦးစီးကျင်းပသောမိဘများပွဲနေ့ကျင်းပပြီးစီးခြင်း

ဇူလိုင်လ (၉) ရက် ၂၀၁၆ နံနက် (၈)နာရီတွင် ကလေးကက်သလစ်သာသနာအတွင်းရှိ CYCK လူငယ်ဒါရိုက်တာ Rev. Fr. Joseph Kham ဦးဆောင်မှုဖြင့် သာသနာ့လူငယ်ရုံး (ယခင် စိန်ပီတာနှင့် စိန်ပေါလ် ဘုရားကျောင်းဟောင်း) တွင် မိဘများပွဲနေ့ကို ပြုလုပ်ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါပွဲကို ကလေးသာသနာပိုင် ဆရာတော် Felix Lian Khen Thang အမှူးပြု၍ ဘုန်းတော်ကြီး (၁၁)ပါးနှင့် ဒီကင် (၁)ပါးတို့မှ မစ္ဆားတရားတော်မြတ်ကိုတင်ပူဇော်ပေးခဲ့ပြီးစိန်ထရေဇာ့သီလရှင်လောင်းကျောင်းသူများ၊ ပင့်ဆောင်ခံရမိုင်နာကျောင်းသားများ၊ လူငယ်ခေါင်းဆောင်များ၊ CUSA ကျောင်းသူ/သားများ၊ ကလေးမြို့ပေါ်ရှိ စီရင်စုအသီးသီးမှ လူငယ်မောင်မယ်များ ပါဝင်တက်ရောက်ကြပါသည်။CYCK လူငယ်များမှ ယခုလို မိဘများပွဲနေ့ ကျင်းပရခြင်းမှာ မွေးကျေးမိဘနှစ်ပါးပွဲကို ပြုလုပ်မကျင်းပမီ ဂိညာဉ်ရေးမိဘများဖြစ်ကြသော ဆရာတော်ကြီး၊ ဘုန်းတော်ကြီးများ၊ သီလရှင်များအပေါ် ကံသုံးပါးတို့ဖြင့် ပြစ်မှားမိသမျှ အခွင့်လွှတ်ခြင်းတောင်းခံခြင်း၊ ကောင်းကြီးခံယူခြင်း၊ ရိုသေဂါရဝပြုခြင်းမှာ သင့်လျော်သောအမှုဖြစ်သည့်အားလျော်စွာဤပွဲတော်ကိုကျင်းပရခြင်းဖြစ်ပါသည်။

မစ္ဆားတရားပူဇော်ခြင်း အခမ်းအနားအပြီးတွင် ပထမပိုင်းအစီအစဉ်အနေဖြင့် ဆရာတော်ဘုရားနှင့် ဘုန်းတော်ကြီးများထံ ကောင်းကြီးတောင်းခံခြင်း၊ ရိုသေဂါရဝပြုခြင်းနှင့် လက်ဆောင်ပစ္စည်းများ ဆက်ကပ်ခြင်းကို ပြုလုပ်ပါသည်။ ဒုတိယပိုင်းအစီအစဉ်အနေဖြင့် CYCK လူငယ်များမှ ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းများ သီဆိုခြင်း၊ ရိုးရာအကများဖြင့် သော်လည်းကောင်းစီရင်စုအလိုက်၊ အဖွဲ့လိုက်အနေဖြင့်သော်လည်းကောင်း Action Songs များဖြင့် မိဘများအား ဂုဏ်ပြုပွဲကို ပျော်ရွှင်စွာကျင်းပခဲ့ကြသည်။

ထို့အပြင် ကလေးသာသနာ အတွင်းရှိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှ တက္ကသိုလ်ဝင်စာမေးပွဲကို သုံးဘာသာနှင့် အထက် ဂုဏ်ထူးရထူးချွန်စွာ အောင်မြင်သောလူငယ်မောင်မယ် (၅)ဦးကိုလည်း သာသနာပိုင်ဆရာတော်မှ ဂုဏ်ပြုလွှာများပေးအပ်ခြင်းအခမ်းအနားကိုလည်း ဆက်လက်ကျင်းပခဲ့ကြသည်။



ဂုဏ်ထူးရမောင်မယ်များမှာ -

1. Tg. Leo Hau Sian Mung (Myan., Match, Phy., Che., Bio) (Tedim Zone, Myoma Parish)
2. Tg. Jame Man Cin Khai (Phy.,Che., Bio.) (Tedim Zone, Myoma Parish)
3. Lia. Agatha Dim Khan Huai (Match, Phy., Che., Bio.) (Tedim Zone, Myoma Parish)
4. Lia. Margaret Hau Sian Cing (Myan., Phy., Che., Bio.) (Kalay Zone, St. Mary Cathedral Parish)
5. Lia. Mary Vung Sian Muan (Eng., Match., Che., Bio.) (Kalay Zone, Sts. Peter & Paul Parish)

တို့ဖြစ်ကြပါသည်။

CYCK မှ ကြီးမှူးကျင်းပသော မိဘများပွဲနေ့အခမ်းအနားကို နေ့လည် (၁၂) နာရီခန့်တွင် ပြီးဆုံးကြောင်း၊ ပါဝင်တက်ရောက်သူအားလုံးကို အချိုရည်နှင့်မုန့်ဖြင့် တည်ခင်းဧည့်ခံခဲ့ပါကြောင်း သတင်းရရှိသည်။ **June Rose**

# ကက်သလစ်ဂိုဏ်းချုပ်သာသနာလုံးဆိုင်ရာ လူငယ်များအတွက် သနားကြင်နာခြင်း ဂျူဘီလီနေ့ကျင်းပ

ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်သာသနာလုံးဆိုင်ရာ လူငယ်များအတွက် သနားကြင်နာခြင်းဂျူဘီလီနေ့ကို ၉၊၇၊၂၀၁၆ စနေနေ့တွင် ရန်ကုန်စိန်မေရီ ကာသီဒြယ်၌ ကျင်းပခဲ့ရာ သာသနာပေါင်း ၂၁ခုမှ လူငယ်များ (၂၅၀)ဦးပါဝင်တက်ရောက်ခဲ့ပါသည်။ နံနက်(၇)နာရီအချိန်တွင် လူငယ်များ ရောက်ရှိလာကြပြီး လူငယ်တာဝန်ခံ ဖာသာရ် ဂျိမ်း တင်မောင်ထွေးမှ လူငယ်များအား သနားကြင်နာခြင်း ဂျူဘီလီနှစ်၏ အခြေခံအကြောင်း ရင်းနှင့်ဘုရားသခင်၏ ကြွယ်ဝလှသော သနားကြင်နာခြင်းအကြောင်းကို ရှင်းလင်းတင်ပြ ပေးခဲ့ပါသည်။ ထို့နောက် စုံလင်သောအင်ဒူဂျင်းသျှား ခံစားရရှိကြရန် တိတ်ဆိတ်စွာ ဆု တောင်းခြင်း၊ MISERICORDIA DOMINE IN ETERNO CANTABO သီချင်းကို သီဆို လျှက် စီတန်းကာ သန့်ရှင်းသော တံခါးကိုဖြတ်ကျော်ခဲ့ကြပါသည်။

ထို့အပြင် မိမိတို့၏ ယုံကြည်ခြင်းကို အတူတကွဝန်ခံကြလျက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အတွက် မေတ္တာများဆိုခြင်း၊ အာပတ်ဖြေခြင်း စက္ကရမင်တူးနှင့် မစ္ဆားတရားတော်မြတ်ကိုလည်း ကျင်းပခဲ့ကြပါသည်။



# အစ္စလာမ်ဘာသာဝင်တို့နှင့် ဘာသာပေါင်းစုံ အီးဒ်မိတ်ဆုံစားပွဲ ပုသိမ်တွင် ကျင်းပ




ဝါတွင်းဥပုသ်ကာလပြီးဆုံးမှု အထိမ်းအမှတ်အဖြစ် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာဝင်များကို ဖိတ်ကြား၍အီးဒ်မိတ်ဆုံစားပွဲအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အစ္စလာမ်ဘာသာဝင်များက ပုသိမ်မြို့တော်ခန်းမ၌ ဇူလိုင်လ (၁၀) ရက် နေ့လည်ပိုင်းကကျင်းပခဲ့သည်။ "လက်ရှိကာလဟာ ဘာသာရေး တစ်ခုနှင့်တစ်ခုကြား အမုန်းတရားများဖြန့်ချီပြီးပြန့်နှံ့အောင်လုပ်သည့် ကာလဖြစ်သည်။ အဲဒီအမုန်းတရားတွေ ကြောင့် တစ်ဦးနှင့်တစ်ဦးကြားမှာသံသယစိတ်တွေဖြစ်ပြီး အမုန်တရားပျောက်နေတယ်။ အဲဒီအမုန်တရားကိုပြန်လည်ဖော် ထုတ်ပြီး ဘာသာတစ်ခုနဲ့ တစ်ခုကြား ချစ်ခင်ရင်းနှီးညီညွတ်တဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်လိုတဲ့အတွက် အခုလို ဘာသာပေါင်းစုံကညီအစ်ကိုမောင်နှမတွေကို ဖိတ်ကြားပြီး မိတ်ဆုံစားပွဲ ကျင်းပရခြင်း ဖြစ်ပါတယ်"ဟု ပွဲကျင်းပရေး တာဝန်ခံ ငြိမ်းချမ်းမှုတည်ဆောက်ရေး ကွန်ရက် အတွင်းရေးမှူး ဦးအုန်းမောင်က ဧရာဝတီကို ပြောသည်။ မိတ်ဆုံစားပွဲသို့ ပုသိမ်မြို့ရှိ ဗုဒ္ဓဘာသာ ရဟန်းတော်များ၊ ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနှင့် အစိုးရဌာနဆိုင်ရာ အရာရှိများ၊ အစ္စလာမ် ဘာသာဝင်များ အပါဝင် လူပေါင်း(၁၀၀)ကျော်တက်ရောက်ခဲ့ကြသည်။

"အခုလို ဘာသာပေါင်းစုံကို ဖိတ်ကြားပြီး မိတ်ဆုံစားပွဲကျင်းပတာ အရမ်းကောင်းပါတယ်။ ဘာသာ အချင်းချင်း ဆုံတွေ့တော့ တစ်ဦးအကြောင်းတစ်ဦး ပိုသိလာမယ်။ နားလည်မှုတွေ ပိုပြီးရရှိလာမယ်။ ဘာသာပေါင်းစုံညီညွတ်မှသာ မြန်မာပြည်ငြိမ်းချမ်းမှာပါ။ ငြိမ်းချမ်းမှ တိုးတက်မှာ။ ဒါကြောင့် အခုလို ဘာသာပေါင်းစုံ ထိတွေ့ခွင့်ရမယ့် မိတ်ဆုံစားပွဲလိုမျိုး မကြာခဏပြုလုပ်သင့်တယ်"ဟု အခမ်းအနားသို့ တက်ရောက်လာသည့် ပုသိမ်မြို့၊ ဗောဓိမဏ္ဍကျောင်းတိုက်ဆရာတော် ဦးဇဂ္ဂာသီရိက မိန့်ကြားသည်။ **(ဆလိုင်းသန့်စင်/ဧရာဝတီ)**

# မွန်ပြည်နယ်ရှိ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အစ္စလာမ်ဘာသာ "ဝါကျွတ် အီးဒ်ပွဲတော်" ဂုဏ်ပြုအထိမ်းအမှတ်မိတ်ဆုံစားပွဲ

**မော်လမြိုင်သာသနာ**



ပြည်ထောင်စုမြန်မာနိုင်ငံတော် မော်လမြိုင် မွန်ပြည်နယ်ရှိ အစ္စလာမ်ဘာသာ "ဝါကျွတ်အီးဒ်ပွဲတော်" ဂုဏ်ပြုအထိမ်းအမှတ် မိတ်ဆုံစားပွဲကို ၁၁၊၇၊၂၀၁၆ ရက် ညနေ (၆း၀၀) မှ (၈း၀၀) နာရီအချိန်တွင် မော်လမြိုင်မြို့၊ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဤ "ဝါကျွတ် အီးဒ်ပွဲတော်" ဂုဏ်ပြုအထိမ်းအမှတ် မိတ်ဆုံစားပွဲကို ဘာသာပေါင်းစုံ ဘာသာရေးခေါင်းဆောင်များ အထူးသဖြင့် ဘာသာကြီးလေးခု ဘာသာရေးခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ ထို့အပြင်မွန်ပြည်နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် အစိုးရဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်အားပေးခဲ့ကြသည်။

မွန်ပြည်နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဌ ဒေါက်တာ ထင်ဝင်း ဗုဒ္ဓဘာသာမှ "ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ပြည်နယ်တိုင်း(၁၄)ခု ထဲမှာ မွန်ပြည်နယ်မှာ ပထမဆုံးဖွဲ့စည်း နိုင်ခဲ့တယ်။ ရေးဘေးကယ်ဆယ်ရေးမှာ ကျွန်တော်တို့ပြည်နယ်တိုင်း(၁၄)ခုထဲမှာ မွန်ပြည်နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကအလှူငွေ အများဆုံးပေးအပ်နိုင်ခဲ့တယ်။ ကျွန်တော်တို့တတွေဟာ ဘာသာလူမျိုးကြား Build the bridges တံတားများတည်ဆောက်ရမယ်" … ဟုပြောကြားခဲ့ပါသည်။ ဤ အစ္စလာမ်ဘာသာ "ဝါကျွတ်အီးဒ်ပွဲတော်" ဂုဏ်ပြုအထိမ်းအမှတ်မိတ်ဆုံစားပွဲသည် မွန်ပြည်နယ် အေးချမ်းသာယာဖွံ့ဖြိုး တိုးတက်ရေးနှင့်ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးကို အကြောင်းပြု၍ ဦးတည်ကျင်းပသော ညစာစားပွဲ ဖြစ်ပါသည်။ ညစာမိတ်ဆုံစားပွဲကို လူ(၂၀၀)ခန့် တက်ရောက်ခဲ့ကြသည်။

**A Shwe (OSC – MLM)**

# သမ္မာကျမ်းစာသင်တန်း

**တောင်ကြီးသာသနာ**

၁၇၊၇၊၂၀၁၆ ရက်နေ့တွင် တောင်ကြီးကက်သလစ်သာသနာ သမ္မာကျမ်းစာ တမန်တော်လုပ်ငန်းမှ တာဝန်ခံဘုန်းတော်ကြီး ဖာသာရ် အေတီပေါလ် ဦးဆောင်ပြီး အောင်သပြေ Sacred Heart ဘုရားရှိခိုးကျောင်းတွင် သမ္မာကျမ်းစာပို့ချခြင်းပြုလုပ်ခဲ့ရာ အောင်သပြေမှ ကျောင်းသူကျောင်းသားများနှင့် ဘာသာတူများ၊ တောင်ကြီးမှ ကက်သလစ်အမျိုးသမီးအသင်းများ စုစုပေါင်း (၇၀)ဦးခန့် လာရောက်ကြားနာကြပါသည်။ ဘုန်းတော်ကြီး ဖာသာရ်အေတီပေါလ်မှ "ဧည့်ဝတ်ကျေပွန်မှု" ခေါင်းစဉ်း ဖြင့်ပို့ချခဲ့ပြီး ဦးဂျိုးဇက်စိုင်းရှန် မှ " ဘုရားသခင်၏ကယ်တင်ခြင်းစီမံကိန်းနှင့် ဖန်ဆင်းခြင်းအသစ်" အကြောင်းတို့ကို ပို့ချသွားကာ ဒေါ်ဇက်စီစီ၊ Sr.ဘယ်ရောနီးကာ(ZSLF)၊တို့မှ ဓမ္မတေးသီချင်းများ သင်ကြားပို့ချပေးခဲ့ပါသည်။

**ပုသိမ်သာသနာ**

# ဘာသာပေါင်းစုံငြိမ်းချမ်းရေးသစ်ပင်စိုက်ပျိုးခြင်း



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဘာသာပေါင်းစုံကွန်ယက်အဖွဲ့မှဦးဆောင်ပြီး ခရစ္စယာန်ဘာသာ , ဗုဒ္ဓဘာသာ , ဟိန္ဒူဘာသာ , မွတ်စလင်ဘာသာတို့သည် ဇူလိုင်လ ၁၆ ရက် ၂၀၁၆ နံနက် ၉ နာရီတွင် ငြိမ်းချမ်းရေးသစ်ပင်စိုက်ပျိုးခြင်းကို ပြုလုပ်ခဲ့ပါသည်။ ငြိမ်းချမ်းရေးသစ်ပင်စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်မှာ ဘာသာအချင်းချင်းစည်းလုံးညီညွတ်မှုရရှိရန်၊ နိုင်ငံတော်၏စီမံကိန်းတစ်ခုဖြစ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကိုဖော်ဆောင်ခြင်း၊နှင့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ခြင်းစသောရည်ရွယ်ချက်ဖြင့် ဤပွဲကိုပြုလုပ်ရခြင်းပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသစ်ပင်စိုက်ပျိုးရခြင်း၏ အစီအစဉ်မှာ နံနက် ၉ နာရီတွင်ဘာသာပေါင်းစုံကွန်ယက်အဖွဲ့မှ အင်အား ၆၀ ကျော်သည် စိန်ပီတယ်ကက်သလစ်ဘုရားကျောင်းဝင်းတွင် စုရုံးကြပြီး မွန်ဆီညော်ဝီးဖရက်မြင့်စိုးမှ ငြိမ်းချမ်းရေးသစ်ပင်စိုက်ပျိုးရခြင်း၏ရည်ရွယ်ချက်ကို ဦးစွာပြောကြားပြီး အဖဆရာတော်ဂျွန်မန်းဆိန်းဟို အပါအဝင် ဘာသာပေါင်းစုံမှဘာသာရေးခေါင်းဆောင်များနေရာယူကြပြီး ပထမဦးစွာ စိန်ပီတယ်ကက်သလစ်ဘုရားကျောင်းဝင်းတွင်ခရေပင်များကို အတူတကွစိုက်ပျိုးခဲ့ကြပါသည်။ထိုမှတဆင့် ဓမ္မဇောမိဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတွင် ခရေပင် ၃ ပင်ကိုစိုက်ပျိုးခဲ့ကြပါသည်။ ထိုနောက် ကိုသာဖြူစကောကရင်နှစ်ချင်းအသင်းတော်ကျောင်းဝင်းတွင်စိုက်ပျိုးကြပြီးဟိန္ဒူဘုရားကျောင်းဝင်းတွင် ၁၅ ပင်၊ မွတ်စလင်ဘုရားကျောင်းဝင်းတွင်ငြိမ်းချမ်းရေးသစ်ပင်များကိုစိုက်ပျိုးခဲ့ကြပါသည်။ သစ်ပင်စိုက်ပျိုးပြီးနောက် ဘာသာရေးခေါင်းဆောင်များ အတူတကွမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြပါသည်။ ငြိမ်းချမ်းရေးသစ်ပင်စုစုပေါင်း ( ၅၀)ကျော်ကိုစိုက်ပျိုးခဲ့ကြပါသည်။ Pathein OSC

# မိုးလေဝသဆိုင်ရာပညာပေးဟောပြောပွဲ



ပုသိမ်ဂိုဏ်းအုပ်ကက်သလစ်သာသနာ ဆရာတော်ဂျွန်မန်းဆိန်းဟို၏ ဖိတ်ကြား ချက်အရ မိုးလေဝသနှင့်ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်သည် (၂၀)ဇူလိုင်လ ၂၀၁၆ တွင် ပုသိမ်မြို့သို့ ရောက်ရှိပြီး မိုးလေဝသနှင့် သဘာဝပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များကို ပုသိမ်ကက်သလစ် သာသနာတွင်ရှိသော ဆရာတော်နှင့်တကွ ရဟန်းတော်များ၊ ဘရာသာရ်များ၊ စစ္စတာရ်များ၊ ဓမ္မဆရာ/မများကိုတနေ့တာ အသေးစိတ်ရှင်းလင်း ဟောပြောခဲ့ပါသည်။ထိုဟောပြောပွဲတွင် မိုးလေဝသပညာရှင်ဦးထွန်းလွင်မှ ၂၀၁၆နှစ်ဆန်းပိုင်းတွင် ပြည်သူများ ထိတွေ့ခံစားခဲ့ရသောအပူပိုင်းဆိုင်ရာ အယ်လ်နီညိုရာသီဥတုအကြောင်းကို အကျယ်တဝင့်ဟောပြောပြီး နောက်ဆက်တွဲအအေးပိုင်းဆိုင်ရာ လာနီညာရာသီဥတု အကြောင်းကိုလည်းဆက်လက်ပြီး ရှင်းလင်းဟောပြောခဲ့ပါသည်။ထို့အပြင် မုန်တိုင်းသတိပေးချက်များကိုလဲ ဟောပြောခဲ့ပါသည်။ ညနေပိုင်းတွင် အပြန်အလှန် မေးခွန်းများဖြင့် အမေးအဖြေ ပြုလုပ်ကြပါသည်။ ထိုဟောပြောပွဲအပြီးတွင် ဒေါက်တာဦးထွန်းလွင်အား ကျေးဇူးတင်လက်ဆောင်များပေးအပ်ခဲ့ပြီး ဟောပြောပွဲတက်ရောက်လာသူ ဆရာတော်နှင့်ရဟန်းတော်များ Bro များ Sr များ နှင့်အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပါသည်။ ဟောပြောပွဲတက်ရောက်လာသူ ၁၅၀ ကျော်ရှိကြောင်း သတင်းရရှိပါသည်။ **Pathein OSC**

# ဝန်ကြီးချုပ်မန်းဂျော်နီ စိန်ပီတယ် ကက်သလစ်ဘုရားကျောင်းသို့လာရောက်ခြင်း



ဧရာဝတီတိုင်းဝန်ကြီးချုပ် မန်းဂျော်နီသည် ပုသိမ်ကက်သလစ်ဆရာတော်ဂျွန်မန်းဆိန်းဟို၏ ဖိတ်ကြားချက်အရ ၂၁၊၇၊ ၂၀၁၆ ညနေ (၄) နာရီတွင်စိန်ပီတယ်ကက်သလစ်ဘုရားကျောင်းသို့ကြွရောက်ပြီး ပုသိမ်ကက်သလစ်သာသနာတော်တွင်ရှိသောဘာသာရေး ခေါင်းဆောင်များဖြစ်သည့် ဆရာတော်နှင့်တကွ ရဟန်းတော်များ၊ ဘရာသာရ်များ၊ စစ္စတာရ် များ၊ ဓမ္မဆရာ/မများတို့နှင့်တွေ့ဆုံခဲ့ပါသည်။ ဤတွေ့ဆုံပွဲတွင် ရဟန်းတော်များ ဘရာသာရ်များ၊ စစ္စတာရ်အားလုံးက ဝမ်းသာအားရကြိုဆို နှုတ်ဆက်ကြပြီး အဖဆရာတော်ဘုရားမှ ဦးစွာကြိုဆိုနှုတ်ခွန်းဆက်စကား အနည်းငယ် ပြောကြားခဲ့ပါသည်။ အဖဆရာတော်ဘုရားမှ ဝန်ကြီးချုပ်ကိုဖိတ်ကြားရခြင်း၏ ရည်ရွယ်ချက်မှာ ခေတ်မီသောနိုင်ငံတော် တည်ဆောက်ရာတွင်ကက်သလစ်သာသနာတော်မှ မည်ကဲ့သို့ပါဝင်ရမည်ဆိုသည့် ဆွေးနွေးလိုသောရည်ရွယ်ချက်ဖြင့် ဖိတ်ကြားရခြင်းဖြစ်ပါသည်။ ထိုတွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်မှ မိမိ၏ ငယ်စဉ်ဘဝဖြတ်သန်းလာရပုံ၊ အရာရာတိုင်းသည် ဘုရား၏ အလိုတော်အတိုင်းဖြစ်ကြောင်း၊ အများအတွက်အလင်းဖြစ်ရမည့်အကြောင်း၊ လူတွေအတွက် ဒုက္ခခံအနစ်နာခံ ရမည့်အကြောင်း၊ မိမိသည် ဒုက္ခခံဖို့ ဝန်ကြီးချုပ် ဖြစ်လာသည့်အကြောင်း၊ နိုင်ငံတော်တိုးတက်ရေး အတွက် ဘာသာပေါင်းစုံက ပူးပေါင်း လုပ်ဆောင်ရမည့်အကြောင်း၊ ဧရာဝတီတိုင်းသည်ပျိုတိုင်းကြိုက်သည့် နှင်းဆီနိုင်ဖြစ်သည့်အကြောင်း၊ ဘုရားရှေ့လူများရှေ့မှာ စာရိတ္တကောင်းရမည့်အကြောင်း စသည်တို့ကို (၂)နာရီခန့် ဟောပြောသွားခဲ့ပါသည်။ (Pathein OSC)





# (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲအခမ်းအနား



ဇူလိုင်၁၉ရက်နေ့ (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့ဖွယ်ရာ ဘာသာပေါင်းစုံဆုတောင်းပွဲ အခမ်းအနားကို ညနေ ၃ နာရီခွဲတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၅၄)၌ ကျင်းပသည်။ ရှေးဦးစွာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်နှင့် ဘာသာပေါင်းစုံမှ အဖွဲ့များသည် ဗိုလ်ချုပ်အောင်ဆန်းအား အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် (၂)မိနစ်ငြိမ်သက်သည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်သူ၊ အစ္စလာမ် ဓမ္မဗိမာန်ဦးဆောင် ဆော်သြရေးမှူး အယ်လ်ဟာဂျီဦးအေးလွင်၊ ဂျူးဘာသာ ခေါင်းဆောင်ဦးဆယ်မီ၊ ဗဟာအီသာသနာ ရေးအဖွဲ့ချုပ် အဖွဲ့ဝင် ဦးကြည်ဝင်းနှင့် ရန်ကုန် ကက်သလစ်သာသနာ့ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ်ချားလ်စ်ဘိုတို့က မေတ္တာစကား ပြောကြားခြင်းနှင့် ကိုးကွယ် ရာဘာသာများအလိုက် ဆုတောင်းမေတ္တာ ပို့သကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် သာသနာပိုင်ချုပ် စတီဗင် သန်းမြင့်ဦး က တိုက်တွန်းအားပေးစကားပြောကြားပြီး တက်ရောက်လာကြသူများက ဓမ္မဂုဏ်တော်ချီးမွမ်း ကြသည်။ ထို့နောက် သိက္ခာတော်ရဆရာဦးကျော်ညွှန့်က ကောင်းချီးမင်္ဂလာမျှဝေသည်။

ဆုတောင်းပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် တက်ရောက်လာကြသည့် အဖွဲ့များအလိုက် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆုတောင်းပွဲသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ဆွေ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစု ပင်လုံညီလာခံ အကြိုပြင်ဆင်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယကဦးတင်ဦး၊ ဖိတ်ကြားထားသည့် ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များတက်ရောက်ကြသည်။

**(Credit to FB-Myanmar State Counsellor Office)**

## အာရှတစ်ခုလုံးဆိုင်ရာ Signis အထွေထွေညီလာခံ

မြန်မာတစ်နိုင်ငံလုံးဆိုင်ရာကက်သလစ်လူထုဆက်သွယ်ရေးရုံးသည် ဆက်သွယ်ရေးနှင့်ပတ်သက်သော သင်တန်းများ၊ အစည်းအဝေးများ၊ လုပ်ငန်းဆောင်တာများကို အဆက်မပြတ် ကြိုးစားနေပါသည်။ တိုးတက်ပြောင်းလဲနေသော ယခုမျက်မှောက်ခေတ်တွင် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ကာ ဧဝံဂေလိသတင်းကောင်း ဝေမျှသက်သေခံရာ၌ မီဒီယာကွန်ရက်ကို ကောင်းမွန်ထိရောက်စွာဖြင့် အသုံးပြုနိုင်စေရန်လည်းကြိုးစားနေပါသည်။ နိုင်ငံတကာ အစည်းအဝေးကြီးများဖြစ်သော အာရှတိုက်ရှိကက်သလစ်ဆရာတော်ကြီးများဆိုင်ရာ လူထုဆက်သွယ်ရေး တာဝန်ခံ ဆရာတော်ကြီးများ၏ အထွေထွေညီလာခံကို ၂၀၁၅ခုနှစ် နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ အောင်မြင်စွာလက်ခံကျင်းပ နိုင်ခဲ့ပါသည်။ ယခုအခါ အာရှတိုက်ရှိ ကက်သလစ် ဆရာတော်ကြီးများဆိုင်ရာ လူမှုဆက်သွယ်ရေးရုံး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော Signis Asia Assembly 2016 အထွေထွေ ညီလာခံကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း ဘေးနားတွင်ရှိသော Myanmar Sport Hotel တွင် ၂၀၁၆ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့မှ(၂၆)ရက်နေ့အထိ ပထမဆုံးအကြိမ်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပါသည်။

အာရှနိုင်ငံ(၂၁)နိုင်ငံတို့မှ ကက်သလစ်မီဒီယာ လုပ်ဆောင်နေကြသော ဆရာတော်ကြီးများ၊ ဘုန်းတော်ကြီးများ၊ ဘာသာတူ ညီအစ်ကိုမောင်နှမများ စုစုပေါင်း အယောက်(၇၀)ခန့် ပါဝင်ကြမည်ဖြစ်ကာ မြန်မာပြည် သာသနာအသီးသီးတွင် လူထုဆက်သွယ်ရေး တာဝန်ထမ်းဆောင်နေသော ဘုန်းတော်ကြီးများလည်း ပါဝင်တက်ရောက်ကြမည်ဖြစ်ပါသည်။ ဤကဲ့သို့ နိုင်ငံတကာမှ ကိုယ်စားလှယ်များသည် မြန်မာပြည်သို့လာရောက်ကာ မြန်မာတို့၏ယုံကြည်ခြင်းတွင် ခိုင်မာမှု၊ စည်းလုံးမှု၊ ရက်ရောမှုများတို့ကို မျက်ဝါးထင်ထင် မြင်တွေ့ ကြမည်ဖြစ်သည်။ ထိုအထွေထွေညီလာခံနှင့်အတူ မြန်မာနိုင်ငံတွင် ပြုလုပ်ကျင်းပနေသည့် ပထမဦးဆုံး ကက်သလစ် ဓမ္မတေးသီချင်းဆိုပြိုင်ပွဲကြီး၏ နောက်ဆုံးပြိုင်ပွဲကိုလည်း တစ်ဆက်တည်းပြုလုပ်မည်ဖြစ်ပါသည်။ ထိုညီလာခံတွင် မီဒီယာကို အသုံးပြု၍ ပညာပေး ဗီဒီယို၊ ရေဒီယို၊ ပိုစတာ နှင့် ဓါတ်ပုံပြိုင်ပွဲများအတွက်လည်း ဖိတ်ခေါ်အပ်ပါသည်။ ပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ '**Merciful Action through Media**' မီဒီယာအားဖြင့် ကြင်နာသနားခြင်းပြုလုပ်ခြင်း" ဖြစ်ပါသည်။

**ဗီဒီယိုပြိုင်ပွဲ။** တစ်မိနစ် နှင့် ငါးမိနစ် ဗီဒီယိုဟူ၍နှစ်မျိုးရှိသည်။ တစ်မိနစ်ဗီဒီယို အတွက်ပထမဆု တစ်ခုတည်းကိုသာ ရွေးချယ်မည်ဖြစ်ပြီးဆုတော်ငွေမှာ အမေရိကန် ဒေါ်လာ ၅၀၀ ဖြစ်ပါသည်။ ငါးမိနစ်ဗီဒီယိုကိုလည်း ပထမဆု တစ်ခုတည်းကိုသာ ရွေးချယ်မည်ဖြစ်ပြီး ဆုတော်ငွေမှာ အမေရိကန်ဒေါ်လာ ၇၅၀ ဖြစ်ပါသည်။ (အင်္ဂလိပ်လို စာသားထိုး ပေးရပါမည်)

**ရေဒီယိုပြိုင်ပွဲ။** တစ်မိနစ် နှင့် ငါးမိနစ် ရေဒီယိုဟူ၍နှစ်မျိုးရှိသည်။ တစ်မိနစ်ရေဒီယိုအတွက်ပထမဆု တစ်ခုတည်းကိုသာ ရွေးချယ်မည်ဖြစ်ပြီးဆုတော်ငွေမှာ အမေရိကန်ဒေါ်လာ ၃၀၀ ဖြစ်ပါသည်။ ငါးမိနစ်ရေဒီယိုကိုလည်း ပထမဆု တစ်ခုတည်းကိုသာရွေးချယ်မည်ဖြစ်ပြီးဆုတော်ငွေမှာ အမေရိကန်ဒေါ်လာ ၅၀၀ ဖြစ်ပါသည်။ (အင်္ဂလိပ်လိုပြောရပါမည်)

**ပိုစတာ နှင့် ဓါတ်ပုံပြိုင်ပွဲများအတွက်** ပထမဆုရ ရှိသူများကို အမေရိကန်ဒေါ်လာ ၃၀၀ ဆုချီးမြှင့်ပါမည်။ ဤပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်သူအသက်(၂၅)အောက်လူငယ်ဖြစ်ရမည်။ ပြိုင်ပွဲဝင်သော ဗီဒီယို၊ ရေဒီယို၊ ဓါတ်ပုံနှင့်ပိုစတာများကို အောက်ပါလိပ်စာ အတိုင်းဩဂုတ်လ (၁၅)ရက်နေ့၊ ၂၀၁၆ မတိုင်မီအရောက်ပို့ပေးရပါမည်။

ထိုညီလာခံသို့ပါဝင်တက်ရောက်လိုသောသူများသည် ကြိုတင်နာမည်စာရင်းပေးသွင်းရန်လိုပါသဖြင့် ဩဂုတ်လ (၁၀) ရက်နေ့မတိုင်မီ online မှတဆင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း (cbcmosc@gmail.com) သို့စာရင်းပေးသွင်းနိုင်ပါသည်။ ညီလာခံတွင်တက်ရောက်ရန် စာရင်းသွင်းပုံစံများကို မိမိတို့၏ email များပေးပို့ပါက ပြန်လည်ပို့ပေးပါမည်။

**မှတ်ချက်။ ။ (၁)။ ညီလာခံတက်ရောက်ကြေး တစ်ယောက်ကိုဝင်ကြေး(၅၀၀၀၀)ကျပ်၊ (၂)။ ညီလာခံပြုလုပ်မည့်နေရာတွင် တည်းခိုလိုပါက တစ်ရက်ကို အမေရိကန်ဒေါ်လာ $65 ပေးဆောင်ရပါမည်။ သို့မဟုတ် မိမိအစီအစဉ်ဖြင့်တည်းခိုနိုင်သလို ညီလာခံသို့ နံနက် (၈)နာရီမှ ညနေ( ၅)နာရီအထိပါဝင်တက်ရောက်နိုင်ရပါမည်။ (၃)။ စာရင်းကို ဩဂုတ်လ (၁၀)ရက်နေ့မတိုင်မီ အောက်ပါလိပ်စာအတိုင်း နောက်ဆုံးစာရင်းပေးသွင်းရပါမည်။**

သို့ဖြစ်ပါ၍ အထက်ပါ အာရှတစ်ခုလုံးဆိုင်ရာ Signis အထွေထွေညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် ကောင်းမွန်စွာ လက်ခံကျင်းပနိုင်ရန် စေတနာရှင်များက ဝိုင်းဝန်းပါဝင် လှူဒါန်းပေးကြပါရန် လေးစားစွာဖြင့်နိုးဆော်ရင်း မေတ္တာရပ်ခံအပ်ပါသည်။

ကျေးဇူးတင်လျှက် **Fr. Leo Mang (SDB)** (CBCM-OSC Director) **ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၊ လူထုဆက်သွယ်ရေးရုံး ၂၉၂(က)ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။**

**ဖုန်း၊ ၀၁ ၅၂၅ ၈၀၈ ၊ ၀၉ ၄၂၀ ၀၇၄ ၅၉၈**





# သန့်ရှင်းသောကလေးသူငယ်များအတွက် ဘုရားစကားဉာဏ်စမ်းဖြေဆိုခြင်း

၂၀၀၈ ခုနှစ် မှ စတင်ပြီး ယခုနှစ်ထိ (၉)ကြိမ်တိုင်တိုင် ကျင်းပပြု လုပ်ခဲ့သော မြစ်ကြီးနား ဘုန်းတော်ကြီးတစ်ပိုင် ဓမ္မဆရာ စီရင်စု (၂၄) အုပ်စုမှ ကလေးသူငယ်များအား နှစ်စဉ် ဇူလိုင်လ (၁၉)ရက်နေ့ တွင် မြတ်သော အယူဝါဒ (ဘုရားစကား) ဖြေဆိုပြိုင်ပွဲကိုကျင်းပ ပေးခဲ့သည်။

မြစ်ကြီးနားသာသနာ သန့်ရှင်းသော ကလေးသူငယ်များအသင်း ၏ ဥက္ကဋ္ဌ Fr. John Dashi Naw Lawn မှဦးစီးဆောင်ရွက်၍ ရပ်ကွက်တိုင်းရှိ ကလေးသူငယ်များကို ဘုရား စကားသင် တာဝန်ယူနေကြသည့် စစ္စတာရ်များ ဓမ္မဆရာ / မ များထံသို့ မေးခွန်း ၄ စုံ ( ၃ တန်း ၄တန်း တစ်စုံ ၅-၆, ၇-၈ တန်း ၉ တန်း တစ်စုံ စသဖြင့်ပို့ပေးခဲ့သည်။



မြတ်သောအယူဝါဒ ဘုရားစကား ဉာဏ်စမ်းမေးခွန်းကို ပါဝင်ဖြေဆိုကြသော ကလေးငယ် (၆၈၂) ဦးရှိကြောင်း၊ ဤသို့ပြုလုပ်ပေးခြင်းသည် မိမိတို့၏ ယုံကြည်ခြင်း ခိုင်မြဲ တိုးပွါးစေရန်အတွက် ရည်ရွယ်ပြီးပြုလုပ်ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်ဟု Fr.John Naw Lawn က ပြောကြားခဲ့ကြောင်းသိရှိရပါသည်။ (Sr.Esther hkawn Bawk. sfx)

# သမ္မာကျမ်းစာသင်တန်းပို့ချခြင်း

**မြစ်ကြီးနားသာသနာ**

မြစ်ကြီးနားသာသနာရှိ သမ္မာ ကျမ်းစာ တမန်တော်လုပ်ငန်း (Bpm)၏ လှုပ်ရှားမှုအနေဖြင့် မြစ်ကြီးနားစီတာပူ ဘုန်းတော်ကြီး တပိုင်နယ်တွင် ဇူလိုင်လ (၄-၆) ထိ Bible follow-up (၂) ကြိမ်ပြုလုပ်ပေးခြင်း၊ မိခင်အသင်းများ၏ ဝတ်စောင့်ခြင်းတွင် နှုတ်ကပါတ်တော် ဝေငှပေးခြင်း များပြုလုပ်ပေးခဲ့ပါသည်။ ထို့အပြင် မြစ်ကြီးနား ဒေခင်ရပ်ကွက်တွင် ဖွင့်လှစ်ထားသော ဓမ္မကောလိပ် အားဖြင့် ကမ္ဘာ့ဂျိန်းရှု (Methoad) သုံးနည်းကိုလည်း သွားရောက်ဝေငှပေးခြင်း စသည်ဖြင့်ပြု လုပ်ပေးခဲ့ပါသည်။ ထို့ပြင် ဇူလိုင်(၆-၉) နှင့် (၁၈-၂၅) ရက်နေ့ တို့တွင်လည်း အခြေခံသမ္မာကျမ်းစာ (BBS) သင်တန်း ကို မိုးညှင်းဘုန်းတော်ကြီးတပိုင်နှင့် ဆရာ တော်ဖရန်စစ် ဦးစီးဖွင့်လှစ်ထားသော ဘဝသစ် ပြန်လည်ထူထောင်ရေးဂေဟာ တို့တွင်လည်း အခြေခံသမ္မာကျမ်းစာ သင်တန်းများကို ဝေမျှပေးခဲ့ပါသည်။

အခြေခံသမ္မာကျမ်းစာတော်မြတ်ပို့ချခြင်း သင်တန်းကို ၂၀၁၃ မှ ၂၀၁၅ ထိ ၃ နှစ်ဆက်တိုက် ဖါးကန့်ဘုန်းတော်ကြီး တပိုင်ရှိ ဓမ္မဆရာစီရင်အုပ်စု (၅) နေရာ သို့သွား ရောက်ပို့ချနိုင်ခဲ့ပြီး ၂၀၁၆ခုနှစ် ဇွန်လနှင့် ဇူလိုင်လများတွင် Bible Follow



up ကို နေရာခြောက်ခု တွင်ပို့ချပေးနိုင်ခဲ့သည်။ **Sr.Esther Hkawn Bawk (S.F.X) Myitkyina (BPM)**

# အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ခြင်း

**ကလေးသာသနာ**



ကလေးမြို့နယ် ကက်သလစ် သာသနာပိုင်ဂိုဏ်းချုပ်ဆရာတော် Felix Lian Khen Thang ဦးဆောင်သော ကလေးမြို့ ကက်သလစ်သာသနာ၏သ ဘာဝဘေးအန္တရာယ်သင့် ပြည်သူများအား အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု ကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန် မြို့နယ်အစပ်ရှိ ချင်းတောင်ခြေ ခိုင်ကမ်း မြို့၌ ဇူလိုင် ၁၇ ရက်က ကျန်းမာရေး ဆိုင်ရာအခမဲ့ ဆေးကုသမှုများ ပြုလုပ်ခဲ့ သည်။ အဆိုပါကျန်းမာရေးဆိုင်ရာ အခမဲ့ ဆေးကုသမှုတွင် သွားနှင့်ခံတွင်းအထူးကု ဆရာဝန်ကြီး ဒေါက်တာထွမ်းခန့်ဆွမ်၊ ငှက်ဖျားတိုက်ဖျက်ရေး နှင့်HIV/AIDSဌာန မှလက်ထောက်ညွှန်ကြားရေးမှူးဒေါက်တာ ဂိုခန့်နွမ်နှင့် လက်ထောက်ဆရာဝန်များ ဖြစ်ကြသော ဒေါက်တာထက်ရွှေရည်၊ ဒေါက်တာကြည်ဖြူထွန်း၊ ဒေါက်တာသန်း ထက်၊ ဒေါက်တာဖြူနှင်းဝေနှင့် သူနာပြု များအပါအဝင် ကျန်းမာရေးအဖွဲ့မှ ၃၂ ဦးတို့ သည် ခိုင်ကမ်းမြို့နှင့်အနီးတစ်ဝိုက်ရှိ ရပ်ကွက်နှင့် ကျေးရွာတို့မှ လူနာပေါင်း ၅၁၇ ဦးတို့အား အခမဲ့ဆေးကုသပေးနိုင်ခဲ့ သည်။ ခိုင်ကမ်းမြို့အမှတ်(၄) ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးဒါးလ်က " ကျွန် တော် ဒီခိုင်ကမ်းမြို့ကို စရောက်ခဲ့တာ တစ်နှစ်နီးပါးလောက် ရှိပါပြီ။ အခုလိုမျိုး ကျန်းမာရေးစောင့်ရှောက်မှုနဲ့ပတ်သက်ပြီး ဘယ်အဖွဲ့အစည်း၊ ဘယ်သူမှမလာကြ သေးပါဘူး။ ခိုင်ကမ်းကျေးရွာဟာ အခုလို မြို့အဆင့်ကို တိုးမြှင့်ပေးနေပြီး ပြည်သူ တွေအတွက်လည်း မြို့အဆင့်နဲ့အညီ ဆေးရုံ၊ ဆေးပေးခန်းတွေကို နိုင်ငံတော်က ချပေးလိမ့်မယ်လို့မျှော်လင့်နေကြပါတယ်။ မိမိတို့ကျေးရွာကိုစွန့်ခွာပြီး ဒီခိုင်ကမ်းမြို့ကို ရောက်တဲ့အခါ စားဝတ်နေရေးအလွန် ခက်ခဲကြပါတယ်။ ဒါ့အပြင် သောက်သုံး ရေမသန့်လို့ ဝမ်းရောဂါနဲ့ အပြင်းဖျားတဲ့ ရောဂါတွေ ပိုပြီးဖြစ်ပွားတာကြောင့် အခု လိုလာရောက်ပြီးတော့ အခမဲ့ဆေး ကုသ ပေးတဲ့အတွက်ကြောင့် အထူးပဲကျေးဇူး တင်ရှိပါတယ်" ဟုပြောသည်။အဆိုပါ ခိုင်ကမ်းမြို့ အမှတ်(၄)ရပ်ကွက်တွင် နေ ထိုင်သူများသည် ယခင်နှစ်က တီးတိန်မြို့ နယ်လိုင်ဘုံကျေးရွာနှင့် ဝေါင်မွောလ်ကျေး ရွာတို့မှ သဘာဝဘေးအန္တရာယ်ကို ဆိုး ဆိုးဝါးဝါးခံခဲ့ရပြီးနောက် ယင်းတို့၏ကျေး ရွာများကိုစွန့်ခွာ၍ ခိုင်ကမ်းမြို့သစ်သို့ ပြောင်းရွှေ့ နေထိုင်ကြသူများဖြစ်ကာ ရေကောင်းရေသန့်မရှိသဖြင့် ဝမ်းရောဂါနှင့် ပတ်သက်သည့်လူနာများမှာ အများဆုံးဖြစ် ကြောင်းသိရသည်။

(ကလေးnews FB)

## ၂၀၁၅ ရေကြီးမှုကြောင့်ပျက်စီးခဲ့သည်များ ပြန်လည်ပြုပြင်ရန်အမေရိကန်ဒေါ်လာသန်း (၂၀၀)ကမ္ဘာ့ဘဏ်မှရရှိမည်

၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့်ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်မှချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို မြန်မာအစိုးရက ရရှိမည် ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှ သိရပါသည်။၎င်းချေးငွေနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်အဖြစ် သဘာဝဘေးဒဏ်ကို ခံနိုင်ရည်ရှိ သည့် လမ်းများဆောက်လုပ်ရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရန်နေရာများတွင် အသုံးပြုသွားမည်ဟု သိရပါသည်။ကမ္ဘာ့ဘဏ်၏ဒါရိုက်တာဘုတ်အဖွဲ့မှ ချေးငွေပေးအပ်သွားရန် ဇူလိုင်လ(၁၄)ရက်နေ့ ရက်စွဲနှင့် ခွင့်ပြုလိုက်ခြင်းဖြစ်ပါသည်။ ယခုချေးငွေနှင့် ယခင်နှစ်က သဘာဝဘေးဒဏ်ကို အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည့်ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းဒေသကြီး ချင်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဟု သိရပါသည်။မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လူပေါင်း ၁.၆ သန်းရွှေ့ပြောင်းခဲ့ရပြီး အယောက်(၁၀၀)ကျော် သေဆုံးခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးကလေးမြို့နယ်ကံအောင်ကျေးရွာတွင်ဝယ်ထားသောအိမ်ဝင်းမြေများတွင် လူမနေပါကပြန်သိမ်းမည်။

စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ ကံအောင်ကျေးရွာတွင် ကျေးရွာတိုးချဲ့ဖွံ့ဖြိုးရေးအတွက်ရောင်းချပေးထားသည့် အိမ်ဝင်းမြေများ ကိုဝယ်ထားပြီး လူမနေလျှင် ကျေးရွာပိုင်အဖြစ် ပြန်လည်သိမ်းဆည်းမည်ဟု ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ သိရပါသည်။ ၂၀၁၆ မေလအထိ ဝင်ရောက်နေထိုင်ခြင်းမရှိသည့် မြေကွက်များကို အမှန်တကယ်နေထိုင်သည့်သူကိုသာ ရောင်းချသွားမည်ဖြစ်ပြီး ဝယ်ယူထားသည့် မြေကွက်တန်ဖိုးကို ပြန်ပေးသွားမည်ဟုလည်း သိရပါသည်။ကံအောင်ကျေးရွာတိုးချဲ့ အိမ်ဝင်းများကို ၂၀၁၄-၁၅ခုနှစ်က စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ဟောင်းဦးသာအေး၏ အစီအစဉ်နှင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အလျားပေ(၁၀၀)xအနံပေ (၈၀)ကိုငွေကျပ်တစ်သိန်းနှုန်းနှင့် ရောင်းချပေးခဲ့ခြင်း ဖြစ်ပါသည်။မြေကွက်များကို စုစုပေါင်းအကွက်(၈၀)ရောင်းချခဲ့ပြီး အားလုံး ရောင်းကုန်ခဲ့သော်လည်းလူမနေသည့် အကွက်ပေါင်း(၅၀)ခန့်ရှိသည်ဟု သိရပါသည်။ ကံအောင်ကျေးရွာသည် ကလေးတမူး ကားလမ်းမကြီးကတစ်ဆင့် ရန်မျိုးအောင်ရွာနားမှမော်လိုက်မြို့သို့သွားသည့် ကားလမ်းဘေးတွင်ရှိပြီး အိမ်ခြေ(၈၀) နှင့် လူဦးရေ(၅၀၀)ခန့်ရှိ နေပါသည်။

## မီးပုံအတွင်းသို့ပြုတ်ကျပြီး မျက်နှာပျက်စီးကာမျက်လုံးကွယ်ခဲ့ရသော နမ့်ဆန်မြို့မှ မောင်အောင်ကျော်ကို ပြည်တွင်းတွင်ကုသ၍မရပါက ပြည်ပအထိသွားရောက်ကုသပေးမည်

ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်တွင် မီးပုံထဲသို့ပြုတ်ကျခဲ့ခြင်းကြောင့် မျက်နှာရုပ်ပျက်ပြီး မျက်လုံးတစ်ဖက် ကွယ်သွားရသော မောင်အောင်ကျော်ကို ပြည်တွင်း၌ ကုသ၍မရပါက ပြည်ပအထိသွားရောက်ကုသမည်ဟု ခိုလှုံရာ ပရဟိတကွန်ရက်အဖွဲ့ဝင်များက ပြောသည်။ ယခုအချိန်တွင် ခိုလှုံရာပရဟိတကွန်ယက်မှအဖွဲ့ဝင်များက ရန်ကုန်မြို့တွင် အလှူငွေများကောက်ခံလျက်ရှိပြီး အွန်လိုင်းပေါ်မှလည်းအလှူငွေကောက်ခံခြင်းများ ပြုလုပ် နေသည်ဟုခိုလှုံရာပရဟိတကွန်ရက်မှအဖွဲ့ဝင်ဖြစ်သည့် ဒေါ်လက်ရာကပြောပါသည်။ မောင်အောင်ကျော်သည် အသက်တစ်နှစ်သာရှိပြီး ဆေးကုသမှုခံယူရန်အတွက် ကလေးကို စောင့်ရှောက်နေသည့် နမ့်ဆန်ကျောင်းဆရာတော်နှင့် မိခင်တို့က အကူအညီတောင်းခံခဲ့ခြင်း ဖြစ်သည်ဟုသိရပါသည်။

မောင်အောင်ကျော်အတွက်ဇူလိုင်လ (၁၀) ရက်နေ့ကစပြီး အလှူခံခဲ့တာဖြစ်ပြီးတော့ ယခုလက်ရှိ ငွေကျပ်ဆယ့်ငါးသိန်းခန့် ရရှိနေပြီး ဇူလိုင်လ ၁၂ ရက်နေ့တွင် မန္တလေးဆေးရုံကြီးမှ ရန်ကုန်ပန်းလှိုင်ဆေးရုံတွင်ပြောင်းလဲကုသမည်ဟုသိရပါသည်။မောင်အောင်ကျော်ကို နစ်ရက်သားအရွယ်တွင်မိခင်က စိတ်ဖောက်ပြန်ပြီး မီးပုံထဲသို့ပစ်ချခဲ့ခြင်းဖြစ်ပါသည်။

## ပထမအကြိမ်လွှတ်တော်သက်တမ်း၌ဝန်ကြီးဌာနများမှ ပြန်လည်ဖြေဆိုထားသည်များကို OMI ရုံး၌အခမဲ့တောင်းယူနိုင်

ပထမအကြိမ်လွှတ်တော်သက်တမ်း၌ ဝန်ကြီးဌာနက လာရောက်ဖြေဆိုထားသည့် မေးခွန်း၊ လုပ်ဆောင်ပေးမည့်ကတိကဝတ်များကို လွှတ်တော်စောင့်ကြည့်ရေးလုပ်ကိုင်နေသော OMI (Open Myanmar Initiative ) ပွင့်လင်းမြန်မာ ရှေ့ဆောင်ရုံးတွင် အခမဲ့တောင်းယူနိုင်ကြောင်း သိရပါသည်။

လွှတ်တော်ဆိုင်ရာ အချက်လက်များကို လှိုင်မြို့နယ်၊ သုခလမ်းထိပ်ရှိ OMI ရုံးတွင်သွားရောက်တောင်းယူနိုင်ပြီး email နှင့်လည်း တောင်းယူနိုင်သည်ဟု သိရပါသည်။

OMI အနေနှင့် လက်ရှိလွှတ်တော်ကို စောင့်ကြည့်လေ့လာနေပြီး ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ကို စောင့်ကြည့်လေ့လာထားသည့်အစီရင်ခံစာများကိုလည်း ထုတ်ပြန်သွားမည်ဟုသိရပါသည်။

ထို့အပြင် OMI အနေနှင့်အစိုးရဘတ်ဂျက်အခြေအနေများကို စောင့်ကြည့်လေ့လာထားသည့် အစီရင်ခံစာများနှင့် ဥပဒေ ဆွေးနွေးအတည်ပြုချက်များကိုလည်း သီးသန့်သုတေသနပြုလုပ်ထားသည်ဟုသိရသည်။

## တောင်ဒဂုံမြို့နယ် NLD HIV စင်တာတွင် ကလေးငယ်အရေအတွက်မိုများလာသဖြင့် စားစရိတ် ကျောင်းစရိတ် ခက်ခဲနေ

ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်၌ရှိသော NLD HIV စင်တာတွင် မိခင်မှတစ်ဆင့် HIV ပိုးကူးစက်သည့်ကလေး အရေအတွက် များလာသောကြောင့် စားစရိတ် နှင့် ကျောင်းစရိတ်များအခက်အခဲရှိနေသည်ဟု သိရပါသည်။

ယခင်နှစ်က ၎င်းစင်တာတွင် ကလေးငယ်အရေအတွက် သုံးဆယ်ခန့်ရှိ သော်လည်း ယခုနှစ်တွင် လူဦးရေ လေးဆယ်အထိ ရှိလာခြင်း ဖြစ်ပါသည်။

ယခုကဲ့သို့ကလေးအရေအတွက်များလာခြင်းကြောင့် ထိန်းရခက်နေပြီး ကလေးများလမ်းမှားရောက်မည်ကိုလည်း စိုးရိမ်နေရသည်ဟု NLD HIV စင်တာက တာဝန်ခံ မတင်နန္ဒာလင်းက ပြောပါ သည်။

ထို့အပြင် အလှူရှင်များ အမြဲမရှိသောကြောင့် ရန်ပုံငွေနှင့်သာ လည်ပတ်နေရပြီး ကျောင်းတက်နေသူများ ကိုလည်း စောင့်ရှောက်မှု လိုအပ်နေသည်ဟု ဆိုပါသည်။

တောင်ဒဂုံမြို့နယ်ရှိ NLD HIV စင်တာတွင်ကလေးများအတွက် အမြဲတမ်းဆရာ/ဆရာမ နှစ်ဦးနှင့်လုပ်အားပေးဆရာ/ ဆရာမ သုံးဆယ့်ခြောက်ဦးတို့က စောင့်ရှောက်ပေးနေသည်ဟုလည်းသိရပါသည်။

## အသည်းရောင် အသားဝါဘီပိုးကုသဆေးဖြစ်သည့် တီနိုဖိုဗာ (Tenofovir) သောက်ဆေးကို ပြင်ပဆေးဆိုင်များတွင် ဝယ်ယူရန်ခက်ခဲနေ

အသည်းရောင်အသားဝါ ဘီပိုးရှိသောသူများအတွက် ကုသပေးသည့် သောက်ဆေး တီနိုဖိုဗာ ကို ပြင်ပဆေးဆိုင်များတွင် ဝယ်ယူရန်ခက်ခဲနေသည်ဟု အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ခင်မောင်ဝင်းကပြောပါသည်။တီနိုဖိုဗာဆေးသည် အသည်းရောင်အသားဝါဘီပိုးကိုသာ ကာကွယ်နိုင်ရုံမကပဲ နေ့စဉ်သောက်သုံးမယ်ဆိုရင် အသည်းကင်ဆာ မဖြစ်ဖို့ ခုနစ်ဆယ်ရာခိုင်နှုန်း သေချာသည်ဟု သိရပါသည်။ထို့အပြင် ထိုးဆေးနှင့်မကုသနိုင်လျှင် ထိုဆေးကို တစ်နေ့တစ်လုံးသောက်ရုံနှင့် မိမိဆီကပိုးကို သူများထံသို့ မကူးစက်အောင် ကာကွယ်နိုင်သည်ဟု သိရပါသည်။ထိုဆေးသည် အိန္ဒိယနိုင်ငံထုတ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနက ခွင့်ပြုပေးထားပြီး တစ်လုံးလျှင် ခြောက်ရာကျပ် ဝန်းကျင်တွင် ရှိသည်ဟု သိရပါသည်။






















ဗဟိုအကျိုးဆောင်အသစ်ပြန်လည်ရွေးချယ် -စာ(၉)





မူးယစ်ဆေးဝါးပပျောက်ရေး -စာ(၉)